# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလကွယ်နေ့ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၃၀၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်) တို့အား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် အမျိုးသားပြတိုက် (နေပြည်တော်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်) တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး

*စာမျက်နှာ ၃ ကော်လံ ၁ ⟶*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)အတွင်း ရန်ကုန် – မန္တလေးလမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU ရထားတွဲဆိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ

### အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ကာကွယ်စို့ ...

ဆောင်းပါး စာ ၁၆

### ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှသည် စိုက်ပျိုးမွေးမြူရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ဖွံ့ဖြိုးတိုးတက်မှု လင်းရောင်ခြည်များ

ဆောင်းပါး စာ ၁၇






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

○ရှေ့ဖုံးမှ

ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) အတွင်း ဂျပန်နိုင်ငံမှဝယ်ယူထားရှိသည့် ရန်ကုန် – မန္တလေး လမ်းပိုင်းတွင် ပြေးဆွဲမည့် DEMU တွဲဆိုင်းများနှင့် မြန်မာနိုင်ငံမှ တည်ဆောက်ထားသည့် DEMU ရထားတွဲတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်မြိုင်တို့က စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၀ ရက် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြစ်ငယ်စက်ရုံတွင် လူစီးတွဲများအား DEMU အဖြစ် သုတေသနပြုတည်ဆောက်ခြင်း လုပ်ငန်းအား အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် နေပြည်တော်စက်ရုံ၌ အပြီးသတ်တည်ဆောက်ရန် လိုအပ်သည့် စက်အစိတ်အပိုင်းများအလိုက် တည်ဆောက်မှုများကို ဆက်လက်တည်ဆောက် ဆောင်ရွက်လျက်ရှိမှု၊ DEMU ရထားတွဲများတည်ဆောက်ရန် လိုအပ်သည့် ဘိုဂီများရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

**အမြဲမပြတ်စစ်ဆေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက် များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း၊ မီးရထားလမ်းများနှင့် မီးရထားစက်ခေါင်းတွဲများ၊ လူစီးတွဲများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အမြဲမပြတ် စစ်ဆေးပြုပြင်ဆောင်ရွက်နေရန်လိုကြောင်း၊ သုတေသန

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူကေတုမတီ မြို့ဟောင်းနှင့်ပတ်သက်သည့် သမိုင်းကြောင်းများနှင့် အဆောက်အဦများကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၃ မှ*
လုပ်ငန်းများနှင့်ပတ်သက်၍ နှစ်ပိုင်းရှိပြီး မီးရထားတည်ဆောက်ရေးအပိုင်းနှင့် မီးရထားဘူတာများ စနစ်တကျရှိစေရေး၊ မီးရထားလမ်းဘေး ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပနေစေရေး၊ ရထားလမ်းမြေများကို စနစ်တကျ အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် မီးရထားတွဲများ၊ ရထားလမ်းများနှင့်ပတ်သက်၍ နည်းပညာများကို အမြဲမပြတ်လေ့လာနိုင်ရေး Research and Development လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာ့မီးရထားကို တစ်ခေတ်ပြောင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ DEMU တွဲများကို ပြည်တွင်း၌ အောင်မြင်စွာ တည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်အခါတွင် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်သည်အထိ မျှော်မှန်းလုပ်ဆောင်နေရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ရထားလမ်းများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေး ဘူတာများ၌ ပြင်ဆင်ရန်လိုအပ်သည့်အခြေအနေများ၊ ရထားလမ်းခုံးကျော်တံတားများ ပြင်ဆင်ရန်လိုအပ်သည့် အခြေအနေများကို ကြိုတင်စဉ်းစားတွက်ချက်ဆောင်ရွက်ထားရန် လိုကြောင်း၊ ရန်ကုန် - ပြည် လမ်းပိုင်းနှင့် နေပြည်တော် – မန္တလေးလမ်းပိုင်းကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားများပြေးဆွဲရာတွင် ရထားအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း ပြေးဆွဲနိုင်ရေး ရထားလမ်းများကြံ့ခိုင်နေစေရေးနှင့် အမြဲကောင်းမွန်နေစေရေး သတ်မှတ်ထားသည့် စံနှုန်းများအတိုင်းဖြစ်အောင်ဆောင်ရွက်နေရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက်
*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

- **သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များအား အဖြစ်နိုင်ဆုံး ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရန်လို၊ တောင်ငူနန်းတော်ရာနေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လို၊ သာသနိကအဆောက်အဦများကို လက်ရှိအချိန်တွင် ပြောင်းရွှေ့ခြင်း မပြုရန်လို**
- **ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန်လို၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက်ဆောင်ရွက်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လို၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အဦများကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်သွားရန်လို**

စာမျက်နှာ ၄ မှ
အမှန်တကယ် အကျိုးရှိသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းရပ်တစ်ခုဖြစ်ခြင်းကြောင့် ဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားကိုအသုံးပြု၍ ပို့ဆောင်မှုကြောင့် လောင်စာဆီများသုံးစွဲရမှု သက်သာခြင်းနှင့် အချိန်ကုန်ကျမှုကို လျှော့နည်းစေခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အဓိကကျသည့်မီးရထားလမ်းများ၌ ကုန်စည်များ အမြဲမပြတ် ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေရန် လိုကြောင်း၊ မြို့ပတ်ရထားများနှင့်ပတ်သက်၍လည်း ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မီးရထားတွဲများ ကြံ့ခိုင်ရေးဆောင်ရွက်နေရန်နှင့် ရထားတွဲသစ်များကို ဆက်လက်တည်ဆောက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မီးရထားမြေများကိုလည်း အကျိုးရှိစွာဖြင့် အသုံးချသွားရန်လိုကြောင်း၊ အလားတူ မီးရထားနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အကုန်အကျ သက်သာသည့် ရထားစီးနင်းခနွန်းထားများဖြင့် သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မီးရထားသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့်လုပ်ငန်းရပ်တစ်ခု ဖြစ်သဖြင့် မြန်မာ့မီးရထားအား ယခုထက်ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားပြတိုက်(နေပြည်တော်)အတွင်း ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

- ❖ နိုင်ငံသားအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကိုတန်ဖိုးထားထိန်းသိမ်းသွားရန်လို
- ❖ တောင်ငူဘူတာ တည်ဆောက်ရန်အတွက် လျာထားသည့်မြေမှ လယ်ယာမြေများအား ကြိုတင်ဖော်ထုတ်ပေးရန်လို၊ တိုးချဲ့မြို့သစ်ကို စနစ်တကျပုံစံထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန်လို၊ တောင်ငူမြို့ရှောင် ရထားလမ်းတည်ဆောက်ရာတွင်လည်း ရေရှည်အတွက်စဉ်းစား၍ ဆောင်ရွက်

### ချီးမြှင့်ငွေပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (နေပြည်တော်) သို့ရောက်ရှိကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားပြတိုက်(နေပြည်တော်)၊ Mini theater ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တောင်ငူကေတုမတီမြို့ဟောင်းနှင့် ပတ်သက်သည့်သမိုင်းကြောင်းများ၊ သမိုင်းမှတ်တမ်းများ၊ ယဉ်ကျေးမှုဆိုင်ရာများ၊ ရှေးဟောင်းနယ်မြေများ၊ မြို့ရိုးများနှင့် အဆောက်အဦများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မန္တလေးနန်းမြို့ရိုး၊ ရေကျုံးနှင့်တံတားများ တည်ဆောက်ထားရှိမှု၊ ဒုတိယကမ္ဘာစစ်အတွင်း တံတားများပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့မှု၊ မင်္ဂလာတံတား တစ်ခုဖြစ်သည့် စည်ရှည်တံတားအား ပြန်လည် တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက် (နေပြည်တော်) ၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန် လျာထား ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့၏ သမိုင်းကြောင်းအရ အထင်ကရရှိခဲ့သည့် ဘုရင့်နန်းတော်များအား အဖြစ်နိုင်ဆုံး ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ရန် လိုကြောင်း၊ တောင်ငူနန်းတော်ရာနေရာနှင့် ကေတုမတီမြို့ရိုးအား ပြန်လည်ဖော်ထုတ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာန အဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သာသနိကအဆောက် အဦများကို လက်ရှိအချိန်တွင် ပြောင်းရွှေ့ခြင်း မပြုရန်လိုကြောင်း၊ ကျုံးကိုလည်း ပြန်လည်ထိန်းသိမ်း ဆောင်ရွက်ရန်လိုကြောင်း၊ ကေတုမတီမြို့ရိုးများ ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင်ဖြစ်နိုင်ဖွယ်ရာ အချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အဦများကို ပြန်လည်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုကြောင်း၊ မန္တလေးနန်းတော်ရှိ မင်္ဂလာတံတားတစ်စင်းဖြစ်သည့် စည်ရှည်တံတားနှင့် ပတ်သက်၍ ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သည့် အချက်အလက်များနှင့် အထောက်အထားများ ပြည့်စုံအောင် ပြုစုဆောင်ရွက်ရန် လိုကြောင်း၊ ပြန်လည်တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန်လိုကြောင်း၊ အလားတူ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းကို တန်ဖိုးထားထိန်းသိမ်းသွားရန်လိုကြောင်း၊ တောင်ငူဘူတာ တည်ဆောက်ရန်အတွက် လျာထားသည့်မြေမှ လယ်ယာမြေများအား ကြိုတင်ဖော်ထုတ်ပေးရန်လိုကြောင်း၊ တိုးချဲ့မြို့သစ်ကို စနစ်တကျပုံစံ ထုတ်လုပ်ပြီးမှ ဆောင်ရွက်ရန် လိုကြောင်း၊ တောင်ငူမြို့ရှောင် ရထားလမ်းတည်ဆောက်ရာတွင်လည်း ရေရှည်အတွက်စဉ်းစား၍ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သည် အမျိုးသားပြတိုက်(နေပြည်တော်) အတွင်း ပြခန်းများအားလှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြင်ဦးလွင်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ်(၃/၂၀၂၄ - ၂၀၂၅)ဖွင့်လှစ်

**ပြင်ဦးလွင် ဩဂုတ် ၃**

ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ဩဂုတ် ၁ ရက်က ပြင်ဦးလွင်မြို့နယ် ကြီးကိုင်ကျေးရွာ၌ ဖွင့်လှစ်သည်။



အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ ကျေးရွာမှ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင်အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ မှန်ကြည်ဆေး၊ ဆပ်ပြာခဲအမျိုးမျိုး ပြုလုပ်နည်းတို့ကို စာတွေ့လက်တွေ့ဖြင့် ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြူလူသစ်(ပြန်/ဆက်)**

## ကြက်ခြေနီနှင့် ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာဟောပြော

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ကြက်ခြေနီအကြောင်းသိကောင်းစရာနှင့် ရှေးဦးပြုစုခြင်းအကြောင်း ဟောပြောပွဲကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုတင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အထောက်အကူပြုအရာရှိ ဦးထွန်းအောင်လွင်က ကြက်ခြေနီအကြောင်းနှင့် ရှေးဦးပြုစုခြင်းအကြောင်းတို့ကို ဟောပြောပို့ချသည်။ ဟောပြောပွဲတွင် Grade-11 မှ ကျောင်းသား ကျောင်းသူ ၁၃၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ငါးဆယ့်နှစ်သိန်းနှင့် ငွေကျပ် တစ်ဆယ့်ရှစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာ့ နှစ်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းတစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း နှစ်ရာနှစ်ဆယ့်ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း တစ်ရာလေးဆယ့်ခြောက်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းနှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါစားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင် ရေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သား များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် စုပေါင်း၍ ကိုယ်တိုင်ချက်ပြုတ် ကြော်လှော်ကြသည့် စားသောက်ဖွယ်ရာများကို ရှေ့တန်းသို့ ပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။

ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော် ၂၂၈ ထုပ်၊ ငါးခြောက်ကြော် ၂၂၂ ထုပ်၊ ကော်ဖီမစ်ထုပ် ၂၁၀၊ ရွှေဖီဦးတီးမစ်ထုပ် ၂၁၀၊ ဆေးပေါ့လိပ် ၂၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၂၁၀၊ အသင့်စားလက်ဖက် ၂၁၀ ထုပ်၊ ငါးပိထောင်းဘူး၂၀၀၊ ကွတ်ကီး အထုပ်၂၀၀၊ ဝေဖာအထုပ် ၂၀၀၊ Royal-D ဓာတ်ဆား အထုပ် ၂၀၀ စုစုပေါင်းအစားအသောက် ၁၁ မျိုးကို လှူဒါန်းသည့်အပြင် နိုင်ငံတော်လုံခြုံရေး၊ နယ်မြေကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားကာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများအတွက် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများလည်း ထည့်သွင်းပေးပို့ကြသည်။




ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက် ဖွယ်ရာ ၁၁ မျိုးအတွက် တန်ဖိုးငွေကျပ် ၁၈ သိန်းနှင့် ငွေသားကျပ် ၅၂ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၇၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွန့်လွှတ်စွန့်စား စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စေတနာရှင်အလှူရှင်များက နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ယနေ့တွင် သွားရောက်ဂုဏ်ပြုပေးအပ်ခဲ့သည်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရေးအတွက် စိတ်အားထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများအား ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ဝန်ကြီးဌာနအနေဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးသေတ္တာဘူးများ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်၊ တီးမစ်၊ ဘီစကွတ်၊ ဝေဖာ၊ မရွေး၊ သရက်သီးသနပ်၊ လက်ဖက်၊ ပဲကြော်၊ ငါးခြောက်ကြော်/ဖုတ်၊ ငါးပိထောင်း၊ ငံပြာရည်ကြော် အစရှိသည့် စားသောက်ဖွယ်ရာများကို လှူဒါန်းကြသည်။ ထို့အပြင် ရှေ့တန်းရောက် တပ်မတော်သားများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာစာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

အဆိုပါ လှူဒါန်းပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ငွေသားကျပ်သိန်း ၁၀၀ စုစုပေါင်းတန်ဖိုးကျပ်သိန်း ၂၀၀ အား တိုင်းမှူးထံပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့် စာပေဆုများ ချီးမြှင့်ပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၃

**မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာရေးဆရာ ဆရာမကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စာပေဆုများချီးမြှင့်ပွဲအခမ်းအနားတွင် "စာပဒေသာဝေဆာစေမည်" Video Clip ကို



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၀) တွင် လွမ်းတိမ်ဝတ်မှုန်ရသစုံဝတ္ထုတိုများဖြင့် ဆုရရှိသည့် ဒေါက်တာနီလာသိန်း(မြကြာငုံ)အား ဆုပေးအပ်ချီးမြှင့်စဉ်။

ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်ညီလာခံကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ် ညီလာခံကို ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင်လည်းကောင်း ကျင်းပနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရ ညီလာခံသက်တမ်း တစ်ခု၏ သက်တမ်းသည် ၄ နှစ်ဖြစ်ပြီး ညီလာခံတစ်ခုနှင့် တစ်ခုအကြား ၂ နှစ်သက်တမ်းတွင် ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ် ညီလာခံသက်တမ်းသည် ယခု ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် သက်တမ်း ၂ နှစ်ပြည့်ခဲ့ပြီဖြစ်သော နိုင်ငံ့ဂုဏ်ဆောင် မဲခေါင်စာပေဆုသည် ၂၀၁၄ ခုနှစ်မှစပြီး မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနှင့် တရုတ်(ယူနန်) ခြောက်နိုင်ငံမှ စာရေးဆရာအသင်းများ စုစည်းညီညွတ်စွာ ရွေးချယ်ချီးမြှင့်ခဲ့ကြသည့် ဆုဖြစ်သည့်အတွက် မြန်မာနိုင်ငံစာပေလောကအတွက်ရော နိုင်ငံတော်အတွက်ပါ များစွာဂုဏ်ယူစရာကောင်းပါကြောင်း။

နိုင်ငံခြောက်နိုင်ငံ တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျကျင်းပခဲ့ကြသည်မှာ (၁၂) ကြိမ်ပင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် (၁၀) ကြိမ်မြောက် မဲခေါင်စာပေဆုချီးမြှင့်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ပြီး (၁၁) ကြိမ်မြောက် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် (၁၂) ကြိမ်မြောက် ၂၀၂၁ ခုနှစ်တွင် လာအိုနိုင်ငံ၌ ကျင်းပခဲ့ပါကြောင်း၊ (၁၁) ကြိမ်မြောက်ပွဲနှင့် (၁၂) ကြိမ်မြောက် ပွဲများကို ကိုဗစ်ကပ်ရောဂါကြောင့် မကျင်းပနိုင်ခဲ့သည့်အတွက် အဝေးရောက်ကြောင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ယခုဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်ဟု သိရပါကြောင်း။

**မြန်မာနိုင်ငံစာပေ လောကအတွက်ရော နိုင်ငံတော်အတွက်ပါ များစွာဂုဏ်ယူစရာကောင်း**

ယခု အစည်းအဝေးတွင် မင်္ဂလာရှိသည့် စာပေဆု နှစ်မျိုးကို ချီးမြှင့်မည်ဖြစ်သည့်အတွက် ဂုဏ်ယူကြရမည် ဖြစ်ပါကြောင်း၊



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးနှင့် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သာ ချီးမြှင့်ခဲ့ရပြီး ယခုလိုအခမ်းအနားတွင် **မဲခေါင်စာပေဆုရရှိသူလေးဦး**ကို ဆုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

**(၁၀) နှစ်အကြာတွင် ဒုတိယအကြိမ်ကျင်းပ**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ စာပေဆုချီးမြှင့်ပွဲကို ၂၀၁၃ ခုနှစ်က ပထမအကြိမ်ကျင်းပခဲ့ပြီး (၁၀) နှစ်အကြာတွင် ယခုလို ဒုတိယအကြိမ်ကျင်းပခြင်းကြောင့် စာပေဆုရသူ ၁၈ ဦးကို ချီးမြှင့်မည်ဟု သိရပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာမူပြိုင်ပွဲတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုဟူ၍ သုံးမျိုးပါဝင်ပါကြောင်း။

မဲခေါင်စာပေဆုရသူများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ စာပေဆုရသူအားလုံးသည် မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ဆောင်ပုဒ်ဖြစ်သည့် **"အမျိုး၏ဂုဏ် ဇာတိဂုဏ် စာပေဂုဏ်ကိုမြှင့်"** ဟူသော ဆောင်ပုဒ်ကို လက်တွေ့ ကာယကံမြောက် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးနှင့် စာပေဆုရရှိသူများအတွက် ငွေကျပ် ၃၅ သိန်းကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မဲခေါင်စာပေဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ (၁၁) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၀)တွင် လွမ်းတိမ်ဝတ်မှုန် ရသစုံဝတ္ထုတိုများဖြင့် ဆုရရှိသည့် ဒေါက်တာ နီလာသိန်း (မြကြာငုံ)၊ ၇၅ ရုပ်ပုံလွှာ နေမင်းသန်းကဗျာဖြင့် ဆုရရှိခဲ့သည့် ဦးဖေသန်း(နေမင်းသန်း)၊ (၁၂) ကြိမ်မြောက် မဲခေါင်စာပေဆု (၂၀၂၁) တွင် ပြိုပျက်ခဲ့သော သက္ကရာဇ်များဖြင့် ဆုရရှိခဲ့သည့် ဦးဇော်ဝင်းအောင်(အကြီးကိုကို–ကသာ)နှင့် ရွှေဦးအော်ပရာကဗျာများဖြင့် ဆုရရှိခဲ့သည့် ဦးသန်းအေး (စလင်းဘုန်းကျော်)တို့က ဆုများလက်ခံရယူကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝတ္ထုတို ပထမဆုရရှိခဲ့သည့် စောငယ်ငယ်(မိုးညှင်း)၊ ဝတ္ထုတိုဒုတိယဆုရရှိခဲ့သည့် ယွင်းနှင်းဆီခိုင်နှင့် ဝတ္ထုတိုတတိယဆုရရှိခဲ့သည့် ဝေလွင်မြင့်မောင်တို့က ဆုများလက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း နာယက အလင်္ကာကျော်စွာ ဒေါ်ချိုချိုတင်(မစန္ဒာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)တို့က မြန်မာနိုင်ငံ စာရေးဆရာအသင်း ဒုတိယအကြိမ် စာမူပြိုင်ပွဲဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ဝတ္ထုတိုအထူးဆု(၁)ရရှိသူ စံဝင်းအောင်(မြန်အောင်)၊ ဝတ္ထုတိုအထူးဆု(၂)ရရှိသူ နန်းဟင်းပြင်း၊ ဝတ္ထုတိုအထူးဆု(၃)ရရှိသူ ဇော်(မြိတ်)၊ ဆောင်းပါးပထမဆုရရှိသူ ရွှေထုံ ခင်သီတာလှိုင်၊ ဆောင်းပါးဒုတိယဆုရရှိသူ လင်းအရဏ်ဦး (ပဲခူး)၊ ဆောင်းပါးတတိယဆုရရှိသူ သစ္စာဝါဒီ ဦးမြင့်အောင်၊ ဆောင်းပါး အထူးဆု (၁) ရရှိသူ တက္ကသိုလ် နန်းဖြူဖြူထွန်း၊ ဆောင်းပါးအထူးဆု (၂) ရရှိသူ မရွှေချစ်(လယ်ကိုင်း)၊ ဆောင်းပါးအထူးဆု(၃)ရရှိသူ မောင်ရည်ကျော်(ရူပ)၊ ကဗျာပထမဆုရရှိသူ နေခြည်မောင်(မြောင်းမြ)၊ ကဗျာဒုတိယဆုရရှိသူ ဘုန်းရဲနိုင် (ဂန့်ဂေါ)၊ ကဗျာတတိယဆုရရှိသူ စစ်တွေညိုသန့်၊ ကဗျာအထူးဆု (၁) ရရှိသူ ဇဂျမ်းရွာကျောင်းအိုသား၊ ကဗျာအထူးဆု (၂) ရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)နှင့် ကဗျာအထူးဆု(၃)ရရှိသူ ခက်ဇော်(ကဗျာ)တို့က ဆုများလက်ခံရယူကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် မဲခေါင်စာပေဆုရရှိသူများကိုယ်စား စာရေးဆရာ ဦးဇော်ဝင်းအောင် (အကြီးကိုကို–ကသာ)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းစာပေဆုရရှိသူများကိုယ်စား စာရေးဆရာမ ဒေါ်ခင်သီတာလှိုင်(ရွှေထုံခင်သီတာလှိုင်)တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က မဲခေါင်စာပေဆုရရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း စာပေဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတွင် ပြသထားသည့် ဆုရရှိသူများ၏ ဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ပြုလုပ်သည့် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း (Myanmar Digital Media Asso–ciation) ဖြစ်မြောက်ရေးကော်မတီနှင့်တွေ့ဆုံ၍ ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆွေးနွေးပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ မီဒီယာအခင်းအကျင်းတွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် မီဒီယာသည် အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းသည် ကြီးမားကျယ်ပြန့်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းကို လုပ်ကိုင်နေကြသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်နှင့် အငြင်းပွားမှုဆိုင်ရာပြဿနာများ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် မြန်မာဒစ်ဂျစ်တယ်မီဒီယာအသင်းကြီးပေါ်ပေါက်လာစေရေး ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယခုဖွဲ့စည်းပေးထားသည့် ကော်မတီတွင် IT နည်းပညာ ကျွမ်းကျင်သူများ၊ သတင်းမီဒီယာနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သူများအား ပါဝင်ဖွဲ့စည်း ပေးထားပါကြောင်း၊

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဘုန်းကြီးကျောင်းများသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာနမှ ပစ္စည်းလေးပါးဒကာအဖြစ် ခံယူကိုးကွယ်သော ဘုန်းကြီးကျောင်းများ၌ ဝါတွင်းကာလအတွင်း ဆရာတော် သံဃာတော်များ၊ သီလရှင်များ စိတ်ချမ်းမြေ့စွာ တရားဘာဝနာပွားများနိုင်စေရန် ပစ္စည်းလေးပါးပြည့်စုံရေးအတွက် လှူဖွယ်ပစ္စည်းများ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ မြို့ဦးအောင်ချမ်းသာ ကျောင်းတိုက်၊ သဒ္ဓမ္မပါလကျောင်းတိုက်၊ ဘုရားကြီးတောရကျောင်းတိုက်နှင့် မြို့သစ်ကျောင်းတိုက်တို့ကို သန့်ရှင်းရေးကောင်းမွန်စေရန်အတွက် ဝန်ထမ်းများဖြင့် သန့်ရှင်းရေးဆောင်ရွက် ကုသိုလ်ယူမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဆရာဒကာကျောင်းတိုက်များရှိ ရဟန်း၊ သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းများဆက်ကပ်ပြီး ပစ္စည်းလေးပါးအတွက် မြို့ဦးအောင်ချမ်းသာကျောင်းတိုက်မှ ရဟန်း၊ သာမဏေ၊ သီလရှင် ပါး/ဦး၄၀၊ သဒ္ဓမ္မပါလကျောင်းတိုက်မှ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၃ ပါး/ဦး၊ ဘုရားကြီးတောရကျောင်းတိုက်မှ ရဟန်း၊ သာမဏေ၊ သီလရှင် ၁၆ ပါး/ဦးနှင့် မြို့သစ်ကျောင်းတိုက်မှ ကိုး ပါး/ ဦး၊ စုစုပေါင်း ၈၈ ပါး/ဦးတို့အတွက် ဝတ္ထုအလှူငွေကျပ် ၁၃၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့ သုံးဆယ်တိတိ)နှင့် ပေါ်ဆန်းမွှေးဆန် (၆ ပြည်အိတ်) ၁၆၀ ၊ ဆီပိဿာ ၆၀ ၊ ပဲ ၁၃၃ ပိဿာ၊ ဆား ၇၉ ပိဿာ၊ ကြက်သွန်ဖြူ ၇၉ ပိဿာနှင့် ကြက်သွန်နီ ၇၉ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၀၆ သိန်းကျော်ဖိုး လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဆီဆိုင်မြို့နယ် ရေပေးရေးလုပ်ငန်း ကြည့်ရှု၊ ဝန်ထမ်းများနှင့်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သို့ သွားရောက်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့ဖြင့် ၁၅ ကီလိုဝပ် ဆိုလာ နှစ်စုံ၊ မြင်းကောင်ရေ ၁၀ ကောင်အားရှိ ရေတင်ပန့်များ အသုံးပြု၍ ပင်မရေသိုလှောင်ကန်နှစ်ခုသို့ ပေးပို့လျက် ဆီဆိုင်မြို့ပေါ် ရပ်ကွက် ခြောက်ခု၊ ဝါးတော၊ ဟော်တောင်၊ ဟော်မြောက်၊ ဘုရားဖြူ၊ တခေါ့တန်ကျေးရွာငါးရွာ သောက်သုံးရေနှင့် စိုက်ပျိုးရေ ပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဆီဆိုင်မြို့နယ် သမဝါယမဦးစီးဌာနရုံး ပြန်လည်ဆောက်လုပ်မည့်နေရာ၊ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်မည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ဟိုပုံးမြို့နယ် အောင်ပွဲကျေးရွာသို့ သွားရောက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် အောင်ပွဲ-ကုန်းသလေး-တဖူးကိုင်-လွယ်တဝိုင်း-ဟိုနမ့် ကျေးရွာချင်းဆက်လမ်းအရှည် သုံးဖာလုံ ကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ဟိုပုံးမြို့နယ် အတွင်းရှိ ကျေးရွာချင်းဆက်လမ်း ခုနစ်လမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ဟိုပုံးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်နေသော မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းတက်ရောက်နေသည့် သင်တန်းသား ၁၀ ဦးနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားကာ မဲနယ်တောင်တန်းပေါ်မှ ကျေးရွာများဖြစ်ကြသော စငေါ်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာ၊ ပန်လျန်းကျေးရွာ၊ စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာများသို့ သွားရောက်၍ ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးသည်။

အဆိုပါကျေးရွာ သုံးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိမ့်စမ်းရေသွယ်စနစ်ဖြင့် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပေးထားပြီး ကျေးရွာလူထု၏ လိုလားချက်များဖြစ်သော ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေး၊ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရေး လုပ်ငန်းများအတွက် ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ သွားရောက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တွေ့ဆုံကာ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆီထွက်သီးနှံလျာထားစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

အသင်းကြီး အောင်မြင်စွာဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းကို စနစ်တကျရေးဆွဲကြရန်လိုကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ် ပလက်ဖောင်းကို အသုံးပြု၍ ပြည်သူများအား သတင်းတု / သတင်းမှားများ ဖြန့်ဝေလျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် လိုပါကြောင်း၊ အသင်းကြီးအား အောင်မြင်စွာဖွဲ့စည်း၍ ဒစ်ဂျစ်တယ်နည်းပညာဖြင့် နိုင်ငံအကျိုးသယ်ပိုးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆွေးနွေးပြောကြားကြသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်သဖြင့် အများပြည်သူများအနေဖြင့် မကြာမီ စက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်ပြီး တစ်ဆင့်ရောင်းချခြင်းတို့ မပြုလုပ်ကြရန်၊ သုံးစွဲရန် လိုအပ်သည့် ပမာဏကိုသာ ဝယ်ယူသုံးစွဲရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုး မပြုလုပ်စေရေး စနစ်တကျ စိစစ်ကြပ်မတ်လျက်ရှိကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှု မရှိနိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများသယ်ယူပို့ဆောင်ရာတွင် ပုံမှန်ထက်အနည်းငယ် နှောင့်နှေးကြန့်ကြာမှုရှိနိုင်သော်လည်း ပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ၉၈ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ၁၉၆ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ၆၇ ဆိုင်တို့ အပါအဝင် နိုင်ငံတစ်ဝန်း အရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ်များဖြင့် နေ့စဉ်ပုံမှန် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် လိုအပ်ပါက Urgent အစီအစဉ်၊ Special အစီအစဉ်တို့ဖြင့်လည်း ထပ်မံပြီး တစ်ရက်လျှင် ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်း ဂါလန်သုံးသန်းခန့်အား ပိုမိုဖြန့်ဖြူးပေးလျက်ရှိသည်။

စိစစ်မှုအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၀၀ အနက်မှ ငါးဆိုင်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၄၆ အနက်မှ ၂၄ ဆိုင်နှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အရောင်းဆိုင် ၁၆၃ ဆိုင်အနက်မှ ၁၉ ဆိုင်တို့တွင်သာ စုပြုံတန်းစီဝယ်ယူမှု ဖြစ်ပေါ်နေပြီး ကျန်အရောင်းဆိုင်များတွင် စက်သုံးဆီများရှိသော်လည်း ဝယ်ယူမှုနည်းပါးနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မလိုအပ်ဘဲ အချိန်ကြန့်ကြာစွာ တန်းစီဝယ်ယူရခြင်း၊ လမ်းသွားလမ်းလာအများပြည်သူ၊ ခရီးသွား မော်တော်ယာဉ်များအတွက် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းတို့ မရှိစေရေးတန်းစီဝယ်ယူနေသော အရောင်းဆိုင်များအပြင် ကျန်နီးစပ်ရာ အရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❊ *ကျောဖုံးမှ*

ဆွန်ရတ်သည် WBC မွေထိုင်းကမ္ဘာ့ချန်ပီယံ ဗြိတိန်နိုင်ငံသား အယ်ဖီပိုတင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဆွန်ရတ်သည် ပြိုင်ဘက်ကစားသမားကို အကောင်းဆုံးထိုးသတ်နိုင်ခဲ့သည်။ နောက်ဆုံးအချီမှသာ ဆွန်ရတ်အနည်းငယ်ကျသွားသဖြင့် ပြိုင်ဘက်အယ်ဖီ ပြန်လည်ဖိအားပေးနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်ဦးစလုံး အကောင်းဆုံးထိုးသတ်နိုင်သဖြင့် ONE Championship အမှုဆောင်အရာရှိချုပ် ရွေးချယ်ချီးမြှင့်သည့် အပိုဆုကြေးငွေများ ရရှိခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE Championship**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အား အဖွဲ့အစည်းအသီးသီးမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားများထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၃**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ထို့ပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု(War Crime) မြောက်သည့် လူမဆန်စွာရက်စက် ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များအပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဇဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနဿနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီနှင့် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများဆုံးရှုံးရလျက်ရှိကြောင်း သိရှိရသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများအား စစ်ရေးအတွက် အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က လုံးဝလက်မခံပါကြောင်း နှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃)ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များနှင့် အပြစ်မဲ့ပြည်သူများကို မတရားဖမ်းဆီးနေသည့် လုပ်ရပ်များကို ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၎င်းအပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသည့်အတွက် လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်နေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူ အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များနှင့် သာသနိကအဆောက်အဦများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့်လုပ်ရပ်များကို ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃) ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး ဆေးကုသမှုခံယူနေသူအချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်း၊ သာသနိကအဆောက်အဦများကို အကာအကွယ်ယူ တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓမ္မဖမ်းဆီးနေခြင်းများကို မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိပြီး လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန် ကြေညာအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်နေခြင်းဖြစ်ပြီး ၎င်းအကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**လွှတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

## မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိသဖြင့် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက လုံးဝလက်မခံပါကြောင်း နှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့က ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Droneများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဆေးရုံတွင်တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် မြို့တွင်းရပ်ကွက်များသို့လည်း အလားတူ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်အပ်ပါသည်။ **မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) သဘောထားထုတ်ပြန်ချက်

၁။ အကြမ်းဖက်သောင်းကျန်းသူMNDAAအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံကို ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက် (၇/ ၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ၊ စနေနေ့

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများအသုံးပြု၍ ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူများအပါအဝင် ဆေးရုံတက်ရောက်ကုသနေရသူ အချို့ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ စစ်ရေးပစ်မှတ်မဟုတ်သည့် လူနေအိမ်များအပါအဝင် ရပ်ကွက်များ၊ သာသနိကအဆောက်အဦများကိုလည်း အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည့်အတွက် ဒေသခံများမှာ နေရပ်စွန့်ခွာနေကြရပြီး အိုးအိမ်များဆုံးရှုံးနေရခြင်း၊ လူမှုဘဝများ ဆုံးရှုံးနေရသည့်အတွက် အကြမ်းဖက်သောင်းကျန်းသူများ၏ မဆင်မခြင်ပြုလုပ်တိုက်ခိုက်နေခြင်းအား မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့် ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်းလုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## သန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိတပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်လျက်ရှိ၍ လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများ ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့်လုပ်ရပ်များကို သန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**သန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ ခုတင်(၁၀၀) အား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသဖြင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## မယ်ဆိုင်ချောင်းရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းရပ်ကွက်)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ (၃၉၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့် ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

### မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် ဆေးကုသမှုခံယူနေကြသည့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့ရကြောင်းနှင့် ဆေးရုံရှိ လူနာများနှင့် တာဝန်ရှိအချို့ကိုလည်း အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ထို့အပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရပြီး ဒေသခံပြည်သူအချို့မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် လူမှုဘဝများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်းကို စိတ်မကောင်းစွာ ကြားသိရပါသည်။

၃။ ထိုသို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စစ်ရေးနှင့် မသက်ဆိုင်သည့် ဒေသခံပြည်သူများ၊ လူနာများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

### ပိန္နဲကုန်းရခိုင်ဂျာမေဗလီ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ၎င်းတို့၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်းနှင့် အချို့အားလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းကို စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအား ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ရပ်အပေါ် မိမိတို့ ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ရှုတ်ချကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

### မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များအသုံးပြုပြီး သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် လူနာများ ထိခိုက်သေဆုံးခဲ့ရပြီး အချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။ ထို့အပြင် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရကြောင်း ကြားသိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

### မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံကို အကြမ်းဖက်သောင်းကျန်သူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကိုလည်း အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအဆောက်အဦနေရာများသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တက်ရောက်ဆေးကုမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရမှုနှင့် MNDAA အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရသောကြောင့် လူမှုဘဝများ ဆုံးရှုံးလျက်ရှိကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

### မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃ ရက်

လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ Drone အသုံးပြုပြီး အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ကာ ဆေးရုံရှိ လူနာများနှင့် ဒေသခံပြည်သူများအား ပစ်ခတ်တိုက်ခိုက်သဖြင့် လူနာများ သေဆုံးခဲ့ရပြီး လူနာအချို့ကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၎င်းအပြင် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် လားရှိုးမြို့အတွင်းရှိ ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများလည်း ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး အချို့မှာ မိမိတို့၏ အိုးအိမ်စည်းစိမ်များကိုစွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေရကြောင်းကို စိတ်မချမ်းမြေ့စွာ ကြားသိရှိရပါသည်။

အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝ လက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

### ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ပြီး တချို့အား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့် မသက်ဆိုင်သည့် ဆေးရုံအား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူနာများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါလုပ်ရပ်များအပေါ် မိမိတို့ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း

# ဟားရစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေး လုံလောက်သော မဲအရေအတွက် ရရှိပြီးဖြစ်ဟုဆို



အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်။

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်သည် ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရရေး ဒီမိုကရက်တစ်အမျိုးသားကွန်ဗင်းရှင်းတွင် ကိုယ်စားလှယ်များ၏ လုံလောက်သော မဲအရေအတွက်ကို ရရှိပြီးဖြစ်သည်ဟု သိရသည်။

ဒီမိုကရက်တစ် အမျိုးသားကော်မတီဥက္ကဋ္ဌက ဩဂုတ် ၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကော်မတီသည် အွန်လိုင်းမှ မဲပေးမှုပြုလုပ်ခဲ့ပြီး ဩဂုတ် ၃ ရက်အထိ မဲပေးမှု ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ ကာမလာဟားရစ်လည်း အဆိုပါညီလာခံတွင် ပါဝင်ခဲ့ပြီး လာမည့်သီတင်းပတ်တွင် သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းမှုကို တရားဝင် လက်ခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟားရစ်သည် ရီပတ်ဘလီကင် သမ္မတလောင်းဖြစ်သည့် ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကယ်၍ ကာမလာဟားရစ်သာ အနိုင်ရရှိခဲ့ပါက ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာမည်ဖြစ်သည်။ အသက် ၅၉ နှစ်ရှိပြီဖြစ်သည့် ဟားရစ်သည် အမေရိကန်သမိုင်းတွင် ပထမဆုံး အိန္ဒိယန်း-အမေရိကန် အမျိုးသမီးတစ်ဦးအနေဖြင့် အဓိကပါတီကြီး၏ သမ္မတလောင်းအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။ ဩဂုတ် ၇ ရက်တွင် ပါတီခေါင်းဆောင်များသည် ဒုတိယသမ္မတလောင်းကို ရွေးချယ်မည်ဟု ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်ခု စီးနင်းခံရပြီး ၃၀ ကျော် သေဆုံး



တိုက်ခိုက်မှုအတွင်း သေဆုံးသွားသည့် အမျိုးသမီးကို ဆွေမျိုးများက သယ်ဆောင်စဉ်။

**မိုဂါဒစ်ရှူး ဩဂုတ် ၃**

ဆိုမာလီယာနိုင်ငံ မြို့တော်ရှိ ကမ်းခြေ ဟိုတယ်တစ်ခုကို ဩဂုတ် ၂ ရက် ညနေပိုင်းက အယ်လ်ရှာဘတ် စစ်သွေးကြွများ စီးနင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၃၁ ဦး သေဆုံးပြီး ၆၁ ဦး ဒဏ်ရာရကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၃ ရက်နံနက်ပိုင်းက အတည်ပြုပြောကြားသည်။

မြို့တော်မိုဂါဒစ်ရှူးရှိ အစိုးရတာဝန်ရှိသူများနှင့် စီးပွားရေးသမားများ လာရောက်လေ့ရှိသည့် နာမည်ကြီး ဟိုတယ်တစ်ခုဖြစ်သော လီဒိုကမ်းခြေဟိုတယ် စီးနင်းတိုက်ခိုက်ခံရပြီး လူများ သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း၊ ဟိုတယ်အတွင်း ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးနှင့် အသေခံ ဗုံးခွဲသမားတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ဟိုတယ်အတွင်း ပိတ်မိနေသည့် အရပ်သား အများအပြားကို ဘေးကင်းစွာ ကယ်ထုတ်ခဲ့ပြီး အဆိုပါ ဧရိယာအတွင်း ရပ်ထားသည့် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသော ယာဉ်ကိုလည်း ရှင်းလင်းဖယ်ရှားခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ခွဲရေးအင်္ကျီ ဝတ်ဆင်ထားသည့် အသေခံဗုံးခွဲသမားသည် ဟိုတယ်၌ ညှော်သည်များ စည်ကားနေချိန်ဖြစ်သည့် ဒေသစံတော်ချိန် ည ၁၀ နာရီဝန်းကျင်ခန့်တွင် ဟိုတယ်ဝင်ပေါက်၌ အသေခံ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ပထမပေါက်ကွဲမှုအပြီး အခင်းဖြစ်ပွားရာ အနီးတစ်ဝိုက်တွင် အယ်လ်ရှာဘတ်စစ်သွေးကြွများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ အချိန်တော်တော်ကြာသည်အထိ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အယ်လ်ရှာဘတ် စစ်သွေးကြွများကလည်း အဆိုပါတိုက်ခိုက်မှုသည် ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ရေဒီယိုမှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန် မရဏတောင်ကြား၌ ဇူလိုင်လအတွင်း အပူဆုံးလအဖြစ် စံချိန်တင်

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၃**

ကမ္ဘာပေါ်တွင် အပူဆုံးနေရာတစ်ခုဖြစ်သည့် မရဏတောင်ကြား၌ ယခုနှစ် ဇူလိုင်လအတွင်း အပူဆုံးလအဖြစ် တွေ့ကြုံခဲ့ကြောင်း သိရသည်။ ဇူလိုင်လအတွင်း ၂၄ နာရီ ပျမ်းမျှအပူချိန်မှာ ၁၀၈ ဒသမ ၅ ဒီဂရီဖာရင်ဟိုက် ဖြစ်သည်ဟု အမေရိကန်မရဏတောင်ကြား အမျိုးသားဥယျာဉ်အာဏာပိုင်များက ဩဂုတ် ၂ ရက်တွင် ပြောသည်။

၂၀၁၈ ခုနှစ်က အဆိုပါ အမျိုးသားဥယျာဉ်၏ စံချိန်တင် အပူချိန်မှာ ၁၀၈ ဒသမ ၁ ဒီဂရီဖာရင်ဟိုက်ဖြစ်သည်။ အမြင့်ဆုံးအပူချိန်မှာ ဇူလိုင် ၇ ရက်တွင်ဖြစ်ပြီး အပူချိန် ၁၂၉ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်ဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ကမ္ဘာပေါ်ရှိ အပူဆုံးနေရာတွင် သမိုင်းဝင် အပူဆုံးလနှင့်ကြုံတွေ့ခဲ့ရကြောင်း ဥယျာဉ်အာဏာပိုင်များက ပြောသည်။ လွန်ခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း နွေရာသီ ၁၀ ခုအနက် ခြောက်ခုသည် အပူဆုံး နွေရာသီများဖြစ်ကြောင်း မရဏတောင်ကြား အမျိုးသားဥယျာဉ်၏ ကြီးကြပ်ရေးမှူး မိုက်ရေနော့က ပြောသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်လာသည်ကို ဆက်လက်မြင်တွေ့နေရသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ မရဏတောင်ကြားသည် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်နှင့် နီဗားဒါးပြည်နယ်ကြားတွင် တည်ရှိပြီး နိုင်ငံအတွင်း အပူဆုံး၊ အနိမ့်ဆုံးနှင့် အခြောက်သွေ့ဆုံးနေရာဖြစ်သည်။

**ဆင်ဟွာ**

# ရှိမေးနီးယားနိုင်ငံ၌ West Nile ဗိုင်းရပ်စ်ကူးစက်မှု ထပ်မံဖြစ်ပွား

**ဘူခါရက် ဩဂုတ် ၃**

ရိုမေးနီးယား အမျိုးသားပြည်သူ့ကျန်းမာရေးဌာနက လွန်ခဲ့သည့် သီတင်းပတ်အတွင်း West Nile ဗိုင်းရပ်စ်ကူးစက်မှု အသစ်ဖြစ်ပွားကြောင်း သောကြာနေ့တွင် အတည်ပြုပြောသည်။

ရိုမေးနီးယားနိုင်ငံ အလယ်ပိုင်း မူးရက်စ်ဒေသမှ အသက် ၈၀ အရွယ်တစ်ဦးတွင် နောက်ဆုံးရောဂါ ကူးစက်ဖြစ်ပွားကြောင်း အစီရင်ခံဖော်ပြထားသည်။ ဇွန်လအစောပိုင်းတွင် စောင့်ကြပ်ကြည့်ရှုမှု စတင်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် West Nile ဗိုင်းရပ်စ် ကူးစက်မှုဖြစ်ပွားမှုကို ဇူလိုင် ၂၅ ရက်တွင် တွေ့ရှိကြောင်း ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောသည်။

West Nile ဗိုင်းရပ်စ်သည် အာရုံကြောရောဂါကို ဖြစ်ပေါ်စေတတ်ပြီး အသက်ပင် ဆုံးရှုံးနိုင်ကြောင်းနှင့် လတ်တလောတွင် အဆိုပါရောဂါအတွက် သတ်မှတ်ထားသော ကာကွယ်ဆေး သို့မဟုတ် ဗိုင်းရပ်စ်တိုက်ဖျက်ရေး ဆေးဝါးကုသမှုများ မရှိသေးကြောင်း သိရသည်။ West Nile ဗိုင်းရပ်စ်သည် အဓိကအားဖြင့် ရောဂါသယ်ဆောင်ထားသည့် ခြင်များ ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ၌ လူပေါင်း အမြောက်အမြား West Nile ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး ရှစ်ဦးအတည်ပြု သေဆုံးခဲ့သည်။

**ဆင်ဟွာ**

# ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတပ်မတော်တို့ကြား အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွား

**ဘေရွတ် ဩဂုတ် ၃**

စက်သေနတ်ကြီး ပစ်ခတ်မှု၊ အမြောက်ပစ်ခတ်မှုနှင့် ဒုံးကျည်ပစ်ခတ်မှုအပြင် လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများ အပါအဝင် လက်ဘနွန်နှင့် အစ္စရေးတို့ကြား နယ်စပ်ဒေသ တစ်လျှောက်တွင် သောကြာနေ့က အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိခိုက်သေဆုံးမှုနှင့် ပတ်သက်ပြီး အစီရင်ခံဖော်ပြထားခြင်း မရှိသေးပေ။ အစ္စရေးဒရုန်းနှင့် စစ်လေယာဉ်များက လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ မြို့နှင့် ကျေးရွာ ခုနစ်ခုကို ကိုးကြိမ်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံအရှေ့ပိုင်း လက်ဘနွန်-ဆီးရီးယားနယ်စပ်ရှိ ဟာမယ်ခရိုင် မာထရာဘာနယ်စပ်ဖြတ်ကျော် စသည့် ဒေသများကို သုံးကြိမ်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း သိရသည်။


လက်ဘနွန်တောင်ပိုင်း ကျေးရွာတစ်ခု၌ အစ္စရေး၏ အမြောက်ပစ်ခတ်မှုကြောင့် မီးခိုးများထွက်ပေါ်နေသည်ကို ဇူလိုင် ၂၉ ရက်က တွေ့ရစဉ်။

လက်ဘနွန် တပ်မတော်ဘက်ကလည်း အစ္စရေးဘက်ခြမ်းသို့ မြေပြင်မှ မြေပြင်ပစ်ဒုံးကျည် အစင်း ၅၀ ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အစ္စရေး Iron Dome ဒုံးကျည်များက ၎င်းတို့ထဲမှ အချို့ကို ကြားဖြတ်ပစ်ချနိုင်ခဲ့သည်။

အစ္စရေးက ဘေရွတ်မြို့ ဆင်ခြေဖုံး ဒါဟိုင်းကို အင်္ဂါနေ့တွင် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ဟစ်ဇ်ဘိုလာ အကြီးတန်းတပ်မှူး ဖရောက်ဒ်ရွှတ်ကာနှင့် အရပ်သား ငါးဦး သေဆုံးခဲ့သည်။

ဟစ်ဇ်ဘိုလာ အတွင်းရေးမှူးချုပ် ဟာဆန်နာစရောလာက အစ္စရေး၏ စီးနင်းတိုက်ခိုက်မှုကို တုံ့ပြန်တိုက်ခိုက်သွားမည်ဟု ပြောဆိုထားသည်။ **ဆင်ဟွာ**

# ပြည်တွင်းစားသုံးဆီ ဖူလုံစွာ ထုတ်လုပ်နိုင်ရေးဆွေးနွေး



နေပြည်တော် ဩဂုတ် ၃

**ပြည်တွင်းစားသုံးဆီ ဖူလုံစွာထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်းနှင့် ဦးထွန်းအုံတို့က ဦးဆောင်ဆွေးနွေးကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေး၌ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်မည့် ဆီထွက်သီးနှံများ၊ စားသုံးဆီ ကြိတ်ခွဲထုတ်လုပ်မည့် ဆီစက်လုပ်ငန်းများနှင့် ရောင်းဝယ်ဖောက်ကားခြင်းဆိုင်ရာကဏ္ဍများတွင် သက်ဆိုင်ရာဌာနများက ဟန်ချက်ညီပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ညောင်တုန်းမြို့ ကမ်းပတ်တာအခြေအနေ ကြည့်ရှုစစ်ဆေး ရေဘေးသင့်ပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၃**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းက ညောင်တုန်းမြို့သို့ ရောက်ရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ညောင်တုန်းမြို့ ကမ်းပတ်တာ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**မြစ်ကမ်းထိန်းတည်ဆောက်ရန်**

ထို့နောက် မြစ်ကမ်းထိန်းတည်ဆောက်မှု လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ စံကင်းကျွန်းရေတိုက်စားမှု၊ ရေလွှမ်းခံရမှု၊ ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်မှုအခြေအနေများနှင့် ကုက္ကိုဝကျေးရွာ မြစ်ကမ်းထိန်း တည်ဆောက်ရန် လိုအပ်မှုအခြေအနေတို့ကို ဧရာဝတီတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပန်းတနော်မြို့ အရှေ့ပိုင်းရပ်ကွက် သာသနာ့ဗိမာန် ရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ ရေဘေးရှောင် စခန်းသုံးခုမှ ဘေးသင့်ပြည်သူ ၃၁၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၈၂၆၀၀၀၊ ဘေးသင့် ပြည်သူ၂၃၄ ဦးအတွက် ကြက်ဥ ၉၃၆ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကျောင်းကုန်းမြို့ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးဝင်းရှိ ဓမ္မသဟာယမဉ္စရီဗိမာန်၌ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံပြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၁၇ ခုမှ ဘေးသင့်ပြည်သူ ၂၅၁၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၂၆၆၂၀၀၀၊ ရေဘေးသင့်ပြည်သူ ၅၉၄ ဦးအတွက် ကြက်ဥ ၂၃၇၆ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကိုလည်းကောင်း ထောက်ပံ့ပေးအပ်၍ ရေဘေးသင့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ မြို့မကျောင်း ရေဘေးရှောင်စခန်းသို့ သွားရောက်ကြည့်ရှုသည်။ ယင်းနောက် မျက်ရှင်တော် ပြည်လုံးချမ်းသာဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တနန္ဒာစရိယအား ဖူးမြော်၍ ဝတ္ထုငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကန်ကြီးထောင့်မြို့ အမှတ်(၁) ရပ်ကွက် လောကမန်ကူဘုရားဝင်းရှိ ရေဘေးရှောင်စခန်းသို့ ရောက်ရှိခဲ့ပြီး မြို့နယ်အတွင်းရှိ ရေဘေးရှောင် စခန်း ၁၃ ခုမှ ဘေးသင့်ပြည်သူ ၁၃၄၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၁၂၃၀၀၀ နှင့် အဆိုပါစခန်းရှိ ဘေးသင့်ပြည်သူ ၃၂၇ ဦးအတွက် ကြက်ဥ ၁၃၀၈ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများကို လည်းကောင်း ထောက်ပံ့ပေးအပ်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ငွေကျပ် ၆၄၄ သိန်းကျော်**

ယနေ့ သွားရောက်ခဲ့သည့် မြို့နယ်သုံးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ယနေ့ ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၆၄၄ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးမင်းမင်း ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ တောင်ဒဂုံစားအုန်းဆီသန့်စက်ရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည် ယနေ့ မွန်းလွဲပိုင်းက ဒဂုံဆိပ်ကမ်းမြို့သစ်မြို့နယ်ရှိ တောင်ဒဂုံစားအုန်းဆီသန့်စက်ရုံ (South Dagon Oil Mill Co., Ltd.) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေးများနှင့်အညီ ထုတ်လုပ်ရန်၊ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရေးအတွက် ကုန်ထုတ်စွမ်းအား တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ထုတ်လုပ်မှုစရိတ်ကို တတ်နိုင်သမျှလျှော့ချပြီး သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက စားအုန်းဆီကြမ်းများ အချွဲချွတ်ခြင်း၊ အချဉ်ချွတ်ခြင်း၊ အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်း၊ ဆီအကြည်နှင့် အခဲခွဲထုတ်ခြင်းတို့ကို ဆီကြမ်းမှ ဆီချောထွက်ရှိသည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်း ပြသသည်။



တောင်ဒဂုံ စားအုန်းဆီသန့်စက်ရုံသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့သစ်မြို့နယ် ပဲခူးမြစ်လမ်းပေါ်၌ တည်ရှိပြီး ဝန်ထမ်းအင်အား ၈၅ ဦးဖြင့် စက်တပ်ဆင်အင်အား တစ်ရက်လျှင် စားအုန်းဆီကြမ်း တန်ချိန် ၁၅၀ ကို သန့်စင်ပေးနိုင်ကြောင်း သိရသည်။ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်ရှိ ဆီအုန်းစိုက်ဧက ၁၄၆၀၀ မှ ထွက်ရှိသည့် ဆီသီးခိုင်များကို ဆီကြိတ်ခွဲပြီး စားအုန်းဆီကြမ်းများကို ရန်ကုန် တောင်ဒဂုံ စားအုန်းဆီသန့်စက်ရုံသို့ သယ်ယူ၍ စားအုန်းဆီကြမ်းမှ ဆီသန့်ရရှိသည်အထိ အဆင့်ဆင့်ကြိတ်ခွဲ ထုတ်လုပ်လျက်ရှိသည်။

လက်ရှိတွင် ကုန်ကြမ်းရရှိမှုအခြေအနေအရတစ်လလျှင် ပျမ်းမျှ စားအုန်းဆီကြမ်းတန်ချိန် ၂၀၀၀ မှ ဆီသန့် (RBD Palm Olein) တန်ချိန် ၁၂၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများနှင့် စားသောက်ဆိုင်များသို့ အဓိက ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းနှင့်ဘေးထွက်ပစ္စည်းများဖြစ်သည့် စားအုန်းဆီအနှစ်အခဲ (Palm Stearin) များကို တိရစ္ဆာန်အစာ၊ ဇီဝလောင်စာ၊ ဆေးဝါးနှင့် အလှကုန်ထုတ်လုပ်သည့် လုပ်ငန်းများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းလှမြို့၌ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**ကျွန်းလှ ဩဂုတ် ၃**

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်ခြင်းကို ဩဂုတ် ၂ ရက်က အ.ထ.က (ကျွန်းလှ) ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ ၁၁၀ အား တစ်ဦးချင်း လက်ဝယ်အရောက် ပေးအပ်သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းလှမြို့နယ် ဦးစီးမှူး ဦးဖြိုးလျံမြတ်က နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအကြောင်း အသိပညာပေးပြောကြားသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားစွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယမန်နေ့ညနေပိုင်းက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် ကြော်လှော်၊ ပြင်ဆင်ထုပ်ပိုးနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



**မေတ္တာစာလွှာများထည့်သွင်းပေးပို့**

နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှူးရှဲလက်ဖက်၊ အကြော်စုံ၊ ချဉ်ပေါင်ကြော်၊ သရက်သီးစိမ်း ငါးပိချက်၊ ငွေးသီးအညာချက်၊ မြေပဲဆန်ကြော်၊ မားမားခေါက်ဆွဲခြောက်၊ ငံပြာရည်ကြော်ဘူး၊ ပဲကြီးကြော်၊ ငါးပိကြော်၊ လက်ဖက်ထောင်း၊ ငါးနီတူခြောက်ကြော်၊ အာလူးကြော်၊ ဆီတို့ဟူးကြော်၊ ငါးခြောက်ထုပ်၊ ငါးပိထောင်း၊ ဗရာလုံးကြော်၊ ပဲလှော်ငါးခြောက်ကြော်၊ ကော်ဖီမစ်၊ တီးမစ် စသည့်ပစ္စည်းစုစုပေါင်း ၂၀ ကို လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "ရှေ့တန်းရောက်တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိနေပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြကြောင်း သိရသည်။

**ကျေးဇူးတင်စကားပြောကြား**

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာတို့မှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ နှင့် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ သွားရောက်ပေးအပ်ရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဩဂုတ် ၃**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်လေဆိပ်၊ မော်တော်ယာဉ် လိုင်းပေါင်းစုံဂိတ်၊ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ ဥတ္တရာရုံ ပရိယတ္တိစာသင်တိုက်၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ဝန်ထမ်းအိမ်ရာများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများသည် လွိုင်ကော်လေဆိပ်သို့ သွားရောက်၍ လေဆိပ်အတွင်းပိုင်း အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လေကြောင်းအကဲကြည့်အဆောက်အဦအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေမှုနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လေဆိပ်ပြင်ဆင်ခြင်း လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ လေယာဉ်ပြေးလမ်းတစ်လျှောက်ဝဲ၊ ယာ အချက်ပြမီးများကောင်းမွန်စေရေးနှင့် လေယာဉ်ကွင်းဧရိယာအတွင်း ချုံနွယ်များ ရှင်းလင်းရေးတို့အတွက် မှာကြားသည်။

ဆက်လက်၍ကယားပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံဂိတ်သို့သွားရောက်၍ မော်တော်ယာဉ်လိုင်းများ လွိုင်ကော်- ဆီဆိုင်- တောင်ကြီးခရီးစဉ် ပြေးဆွဲနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး သတ်မှတ်နှုန်းထားကျော်လွန် ကောက်ခံမှုမရှိစေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဥတ္တရာရုံပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ၊ ဌာနဆိုင်ရာဝန်ထမ်းများက စာသင်တိုက်အတွင်း စုပေါင်းသန့်ရှင်းကုသိုလ်ပြု ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့် ဆောင်ရွက်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိက အဆောက်အဦများကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ပုံ)** အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့်ဝန်ထမ်းအိမ်ရာများသို့ သွားရောက်၍ ဝန်ထမ်းများ ပြန်လည် နေရာချထားနိုင်ရေးအတွက် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှုများ၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ကျောင်းသို့ သွားရောက်၍ အားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ (၄၀၀) Synthetic ပြေးလမ်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းအမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ရန်ရှိသည်များကို အမြန်ပြင်ဆင် ဆောင်ရွက်ရန်နှင့် အားကစားပွဲများ ပြန်လည်ကျင်းပနိုင်ရေး တာဝန်ရှိသူများကို မှာကြားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယ၊ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)၏ ရွှေရတုအထိမ်းအမှတ်အကြို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ်ရှိ အဆိုပါ မျက်မမြင်ကျောင်း(ခဝဲခြံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများက ကဗျာရွတ်ပြိုင်ခြင်း၊ သီချင်းဆိုပြိုင်ခြင်း၊ ကျမ်းစာရွတ်ပြိုင်ခြင်းတို့ကို ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ မျက်မမြင်ကျောင်း(ခဝဲခြံ)တွင် နှစ်စဉ် ကျောင်းဖွင့်ချိန် ဇွန်လမှစတင်ကာ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်း လူမျိုးဘာသာမရွေး အမြင်အာရုံမသန်စွမ်းသူကို ကျောင်းအပ်လက်ခံသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ကျောင်းအနေနဲ့ မျက်မမြင်ကျောင်းဖြစ်တာကြောင့် မျက်မမြက်လက်စမ်းစာနဲ့ နေ့စဉ်သွားလာလှုပ်ရှားမှု၊ နေ့စဉ်နေထိုင်သက်ရှင်မှုကို သင်ကြားပေးပါတယ်။ ကျောင်းပညာအနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ သင်ရိုးညွှန်းတမ်းကျောင်းစာအပြင် လက်မှုအတတ်ပညာတွေကိုလည်း သင်ကြားပေးပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇီးနာဒွန်းက ပြောသည်။

ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ) စတင်တည်ထောင်ခဲ့သည့် ၁၉၇၅ ခုနှစ်မှ ယနေ့အထိ ဘွဲ့ရကျောင်းသား ကျောင်းသူ ၄၇ ဦး၊ ဒသမတန်းအောင်မြင်ပြီးသူ ၉၃ ဦးရှိခဲ့ကြောင်း သိရသည်။ ယခုပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၁၀၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ရတီ**

# တပ်မတော်(လေ)မှ ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှု ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(လေ)မှ ရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တစ်ဝိုက်၌ လေ့ကျင့်ပျံသန်းလျက်ရှိစဉ် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ပြီး မြေပြင်သို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသူနှစ်ဦး ကျဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် ကျဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ကာကွယ်စို့ ...

တိုင်းရင်းသားပြည်သူတစ်ဦး

**❖ ကျွန်တော်တို့မြေ၊ ကျွန်တော်တို့အချုပ်အခြာ၊ ကျွန်တော်တို့ကိုယ်တိုင် ကာကွယ်ဖို့ အချိန်တန်ပါပြီ။ ဘာကြောင့်ဆို... ဒီမြေ၊ ဒီရေ၊ ဒီလေဟာ ကျွန်တော်တို့အပိုင်ဖြစ်လို့ပါ၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန် ရှိပါတယ်။ လိုအပ်ရင် အသက်ပေးကာကွယ်ရမှာပါ။ ဒီတိုင်းပြည်ဟာ မိဘိုးဘွားပိုင်လည်း ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဘိုးတွေဘွားတွေ သွေးချွေးအသက်ပေး ရယူခဲ့ကြတဲ့ ဒီပထဝီထုကြီးကို ကျွန်တော်တို့လက်ထက် မကာကွယ်နိုင်ရင်၊ တာဝန်မကျေရင် လူမိုက်တွေသာ ဖြစ်ရတော့မှာပေါ့**

"အမိမြေသာယာဖို့... ငါတို့မြေကို ငါတို့ ကာကွယ်စို့..."

မှန်တယ်။ ဒီစကားက ရင်ကို ထိတယ်၊ အားရတယ်။ လောက်တွေရဲ့ ဆိုက်ဝါးအောက်မှာ ခံနေရတဲ့ ကျွန်တော်တို့တွေ ခံခဲ့ရတာများလှပြီ။ တစ်နိုင်ငံလုံး စစ်မျက်နှာပေါင်းစုံဖွင့်နေရတဲ့ အမိတပ်မတော်ကြီး အမှန်ပြောရရင် အားမလိုအားမရ ဖြစ်နေမိတာ။ ရန်သူကို ရန်သူလို ကျင့်ဖို့၊ ရန်ငါပြတ်ဖို့ ယခုမှ ကြားချင်တဲ့စကား ကြားခဲ့ရပြီ။ ဘယ်တုန်းကနဲ့မှ မတူတဲ့ခေတ်ကြီး၊ တိုင်းပြည်နဲ့ပြည်သူ့ဘဝကို ဖျက်ဆီးနေကြတာ ရစရာမရှိ။ အမှန်ပင် စက်ဆုပ်ရွံရှာဖို့ကောင်းလှတယ်။ ရုရှား–ယူကရိန်း၊ အစ္စရေး–ဂါဇာစစ်ကလွဲလို့ ကမ္ဘာမှာမရှိဖူး၊ မကြားဖူးသေးတဲ့ အမြဲတမ်းအချိန်ပြည့်စစ်တိုက်နေရတဲ့ တပ်မတော်ကြီး ရှိနေပေလို့သာ...။

**ရောင်စုံသူပုန်ထ ရက်စက်လွန်းကြတယ်**

နိုင်ငံရဲ့မြောက်ဘက်မှာ KIA၊ အနောက်မြောက်မှာ CDF၊ CNF၊ အနောက်ဘက်မှာ AA၊ အရှေ့မှာ KNDF၊ KPDF၊ အရှေ့တောင်မှာ KNU၊ KNLA၊ KTA၊ အရှေ့မြောက်မှာ MNDAA ကိုးကန့်၊ TNLA၊ AA၊ PDF ရောင်စုံအဖျက်သမား အမျိုးပေါင်းများစွာနဲ့ တစ်နိုင်ငံလုံးပတ်ချာလည် စစ်မီးတောက်တဲ့ အခြေအနေပါ။ လက်ရှိမှာတော့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေမှာ လူအင်အား၊ လက်နက်၊ နည်းပညာ အင်အားအသာနဲ့ ရန်သူဟာ အုံနဲ့ကျင်းနဲ့ အဆိုးဆုံးအခြေအနေမှာ ရှိနေတယ်။ နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲထွက်သွားအောင်ကို လုပ်နေကြတာ။ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးစုကို ကိုယ်စားမပြုနိုင်အား၊ မျိုးမမှန်တဲ့ အလွန်ရိုင်းစိုင်း ယုတ်မာကြမ်းကြုတ်လှတဲ့ တိရစ္ဆာန်သာသာတွေပါပဲ။

ဘယ်လောက်ရက်စက်သလဲဆို မြို့ပြအရပ်သား ပြည်သူတွေထဲ ရွေးပြီးမှ တိုက်ကွက်ဖော်တတ်တယ်။ ပြည်သူကို ဉာဏ်တာသနားတတ်တဲ့ တပ်မတော်ကို အခွင့်ကောင်းယူ၊ လူတံတိုင်းကာ၊ ဓားစာခံလုပ် ညစ်ပတ်ကြတယ်။ အယူဝါဒမတူရင် အစုလိုက် အပြုံလိုက် ရက်ရက်စက်စက်သတ်ဖြတ်ပြတယ်။ ပညာရဲ့တန်ဖိုးနားမလည်၊ တက္ကသိုလ်တွေကို ဗုံးခွဲဖျက်ဆီးပြ၊ ပညာမဲ့နိုင်ငံဖြစ်ကြောင်း တံဆိပ်ခတ်ကြတယ်။ ပြည်သူ့နေအိမ်တွေကို မီးရှို့ဖျက်ဆီးပြီး တပ်ကပဲ လုပ်သယောင် သူခိုးကလူဟစ်ပြတယ်။ မြို့တွေ၊ ရွာတွေ၊ အိမ်တွေထဲဝင် သူခိုးဓားပြဆန်ဆန် ရှိသမျှပစ္စည်းခိုး၊ ဓားပြတိုက်လုယက်ကြတာချည်းပဲ။ စေတီ၊ ပုထိုးတွေကို ရိုက်ခွဲဖျက်ဆီးပြီး မြန်မာတို့ရဲ့ ဘာသာသာသနာ ယဉ်ကျေးမှုအမွေအနှစ်တွေကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားကြတယ်။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ဘယ်လိုမှမထိုက်တန်တဲ့ ကမ္ဘာမှာ အောက်တန်းအကျဆုံး လောက်ကောင်သစ္စာဖောက်တွေပါပဲ။ ဒါကြောင့် လူဆိုးရော လူမိုက်အားပေး မှန်သမျှပါ အစွမ်းကုန် ချေမှုန်းသုတ်သင်သင့်ပါပြီ...။

**လူ့အန္တအသိမဲ့မိစ္ဆာတွေသာ ဖြစ်တယ်**

လုပ်သင့်တာလုပ်ဖို့ အချိန်အခါသင့်ပါပြီ။ သည်းခံခြင်းဖြင့် အနိုင်ယူရမယ့်သူတွေထဲမှာ မပါတဲ့ သူတွေမို့ အင်အားနဲ့သာ အနိုင်ယူသင့်ကြောင်း ပြည်သူတွေက ထောက်ပြနေပါပြီ။ အမှားနဲ့အမှန်၊ အပြုနဲ့အဖျက် ပြည်သူကနားလည်ပြီးသားပါ။ တပ်မတော်ရဲ့ရှေးရှုချက်က ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးပါ။ အသုံးပြုတာက အနည်းဆုံးအင်အားနဲ့ အနိမ့်ဆုံးအဆင့်။ ကြမ်းလို့ရပေမယ့် မကြမ်းခဲ့ဘူး။ ပြည်တွင်း၊ ပြည်ပဖိအားမျိုးစုံအောက်မှာ ပြည်သူ့မျက်နှာကိုပဲကြည့်ခဲ့တယ်။ ပြည်သူကို မိဘလိုသဘောထား၊ တိုင်းရင်းသားကို မိသားစုလို သံယောဇဉ်ငြိ၊ ညီအစ်ကိုချင်း ရန်ဖြစ်သလိုပဲမှတ်၊ အချိန်ယူ စိတ်ရှည်သည်းခံခဲ့တယ်။ လက်တွဲခေါ်မယ်ချည်းအကြိမ်ကြိမ် ငြိမ်းချမ်းရေးလက် အမြဲကမ်းလင့်တယ်။ တိုက်စစ်မဖွင့်၊ ခံစစ်နဲ့သာ အချိန်ယူခဲ့တာက သက်သေဖြစ်တယ်။

ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ဒေသ ကိုယ့်လူမျိုး ဖွံ့ဖြိုးအောင် နည်းနည်းမှမလုပ်နိုင်။ အဝေးကြီးက အရောက်လာ၊ တိုင်းရင်းသားတွေအတွက် တာဝန်ထမ်းတဲ့ ဝန်ထမ်းတွေ၊ လေ့ကျင့်ရေးအတွက် အချိန်မပေးနိုင်၊ ပြည်သူ့လူမှုစီးပွားဘဝ ကျန်းမာရေး၊ သဘာဝဘေးမှအစ ကယ်တင်စောင့်ရှောက်ပေးခဲ့တဲ့ တပ်မတော်သားတွေရဲ့ သစ္စာကိုမှမထောက် သတ်ပစ်ရက်တယ်၊ မောင်းထုတ်ရဲကြတယ်၊ သူတို့မို့ လုပ်ရက်တယ်။ သတ်တာမှ လူသားမဆန် လည်လှီးသတ်၊ ခေါင်းကိုတုတ်နဲ့ရိုက်သတ်တဲ့အထိပါပဲ။ အဲဒီလောက်ထိ မိုက်လုံးထွား၊ ကျေးဇူးမသိတတ်တဲ့ လူ့အန္တအသိမဲ့သူတွေပါ။ သူတို့နယ်မြေတွေက တိုင်းရင်းသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး စိတ်မဝင်စား။ ဘိန်း၊ မူးယစ်ဆေး၊ မှောင်ခိုဆက်ကြေး ကောက်ကလွဲပြီး အခြားသမ္မာအာဇီဝ ဘာမှမလုပ်တတ်တဲ့ လူ့မိစ္ဆာတွေပါ။ လူမိုက်နဲ့ငြိမ်းချမ်းရေး လားလားမှမအပ်စပ်၊ အမျိုးသားရင်ကြားစေ့ရေး ဆိုတဲ့စကားနဲ့ ဘယ်လိုမှမထိုက်တန်၊ မသင့်သူတွေပါ။ ထိုသူတို့ကြောင့် အပြစ်မဲ့ အသက်စတေးခဲ့ရသူ အားလုံးဟာ နိုင်ငံတစ်နံတစ်လျား သန်းပေါင်း ၅၀ ကျော်သော ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအတွက် အနစ်နာခံခဲ့ကြသူတွေပေပဲ။

**မကွဲကွဲအောင် ခွဲနေပြီမို့ မြန်မာတွေ ညီညွတ်ချိန်တန်ပြီ**

ဒါကြောင့် ကျွန်တော်တို့မြေ၊ ကျွန်တော်တို့ အချုပ်အခြာ၊ ကျွန်တော်တို့ကိုယ်တိုင် ကာကွယ်ဖို့ အချိန်တန်ပါပြီ။ ဘာကြောင့်ဆို... ဒီမြေ၊ ဒီရေ၊ ဒီလေဟာ ကျွန်တော်တို့အပိုင်ဖြစ်လို့ပါ၊ ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ လိုအပ်ရင် အသက်ပေးကာကွယ်ရမှာပါ။ ဒီတိုင်းပြည်ဟာ မိဘိုးဘွားပိုင်လည်းဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ဘိုးတွေဘွားတွေ သွေးချွေးအသက်ပေးရယူခဲ့ကြတဲ့ ဒီပထဝီထုကြီးကို ကျွန်တော်တို့လက်ထက် မကာကွယ်နိုင်ရင်၊ တာဝန်မကျေရင် လူမိုက်တွေသာ ဖြစ်ရတော့မှာပေါ့။ သူတို့ကြောင့် ဒီနိုင်ငံတော်ကြီးရဲ့ လွတ်လပ်တဲ့နိုင်ငံသားဖြစ်ခွင့်ရနေတာ။ ငါတို့ အချုပ်အခြာ ပိုင်နက်နယ်မြေ ဆုံးရှုံးမယ်ရှိလေတိုင်း ပြန်ထိန်း၊ ပြန်တိုက်နိုင်ခဲ့တာသည် တပ်မတော်နဲ့ ပြည်သူ မြဲကြည်ဖြူခဲ့လို့ပဲ။

တပ်မတော်နဲ့ပြည်သူ ခိုင်ခိုင်မြဲမြဲလက်တွဲနိုင်ခဲ့သမျှ ဘယ်တိုက်ပွဲမှာမှ အရှုံးမရှိ အောင်ပွဲအလီလီ ရခဲ့တာ ပြန်လည်သတိရအောက်မေ့ကြည့်လိုက်ပါ။ ပြည်သူဆိုတဲ့နေရာမှာ တိုင်းရင်းသားတွေပါတယ်၊ ကျောင်းသားတွေပါတယ်၊ လူငယ်တွေပါတယ် အားလုံးဟာ ခေတ်အဆက်ဆက် ပါခဲ့ကြသည်ချည်းပါ။ ဒီဘက်ခေတ်မှာတော့ တပ်မတော်နဲ့ ပြည်သူ၊ တပ်မတော်နဲ့ ကျောင်းသား၊ တပ်မတော်နဲ့သံဃာကို ကွဲသွားအောင်ကို ခွဲထုတ်နေကြပါပြီ။ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုပါ ရောထွေးယှက်တင် ဖျက်ဆီးလာကြပြီ။ ဗမာလူငယ်တွေကိုအသုံးချပြီး မြန်မာ – မြန်မာချင်း၊ အိမ်ကြက်ချင်းအိုးမဲသုတ်ခိုင်း။ နောက်ဆုံးမှာ မြန်မာလူမျိုး ဗမာဆိုတဲ့အရင်းအမြစ်တွေ အားနည်းအောင် လုပ်လာတဲ့သဘောပဲ။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပြိုကွဲအောင် လုပ်ရာမှာ ဆိုးညစ်လှတဲ့ နိုင်ငံရေးသမားတွေလည်းပါသလို နယ်ချဲ့အလိုတော်ရိ သစ္စာဖောက်လောက်ကောင် လက်နက်ကိုင်တွေလည်းပါနေတယ်။ ဒါကြောင့် တို့တိုင်းရင်းသား အားလုံးစုစည်းကြဖို့၊ ညီညွတ်ကြဖို့၊ လက်တွဲမဖြုတ်ကြဖို့ အရေးကြီးပါတယ်။ နွားကွဲရင် ကျားဆွဲပါလိမ့်မယ်။ အခုအချိန်မှာတော့ တစ်ချောင်းချင်းရှိနေတဲ့ ထင်းစည်းတွေခမျာ အချိုးခံနေရပြီပေါ့။

ဒီလိုမဖြစ်သွားအောင်အတွက် အခုအချိန်မှာ တပ်မတော်နဲ့တပ်မတော်သားတွေဟာ အသက်ခန္ဓာ စွန့်လွှတ်ပြီး ကျူးကျော်သစ္စာဖောက်တွေကို တွန်းလှန်ကာကွယ်တိုက်ထုတ်နေရခြင်းဖြစ်တယ်။ လိုအပ်နေတာက သတ္တိ၊ အရေးအကြောင်းဆို သတ္တိမြဲတဲ့ တပ်မတော်သား၊ သတ္တိရှိတဲ့ပြည်သူ့အားက အလွန်အရေးပါတယ်။ သတ္တိဆုံးရင် အလုံးစုံဆုံးရှုံးသွားနိုင်တဲ့အတွက် သတ္တိရှိရှိ ပညာ၊ သတိနဲ့ အားတင်းထားပါ။ တပ်မတော်နောက်မှာ စစ်မှန်တဲ့ပြည်သူတွေရှိပြီးသား အမြဲအားပေးလျက်ပါ။ တပ်မတော်နဲ့ မြန်မာ၊ မြန်မာနဲ့ ဒီတပ်မတော်ကြီး ကမ္ဘာတည်သရွေ့ တပ်မတော်ရှိနေပါမယ်၊ တပ်မတော်ရှိနေသရွေ့ မြန်မာလည်း မြဲနေမှာပဲလို့ ယုံကြည်ပြီးသားဖြစ်တယ်။

**ပြည်သူနဲ့တပ်မတော် အပြန်အလှန်အားကိုယူ**

ကမ္ဘာ့ဘယ်နိုင်ငံနဲ့မှမတူ၊ တစ်နိုင်ငံလုံး စစ်မျက်နှာဖွင့်ထားရတဲ့ တပ်မတော်ကြီးရဲ့ စစ်ရေးအတွေ့အကြုံမျိုးက မြန်မာ့တပ်မတော်မှာပဲရှိပါတယ်။ အပေါ်အောက်၊ အရှေ့နဲ့အနောက်ညှပ်ပြီး ခံစစ်အနေအထားနဲ့ ခုခံစစ်ဆင်နေရတဲ့တပ်မတော်ကြီးအနေနဲ့ အလုံးစုံပေါင်းစပ် Hybrid warfare ကို ဆင်နွှဲနေရတဲ့ တပ်မတော်ကြီးရဲ့အဆင့်ဟာ ကမ္ဘာက နှစ်စဉ်ထုတ်ပြန်တဲ့ Global Defense Index မှာ အဆင့် ၃၈ ကနေ ၃၅ အထိ တက်လာတာလည်း ဆန်းတော့မဆန်းဘူး။ ဒါကြောင့်ပဲ မြန်မာပြည်ကြီးကို ငြိမ်းချမ်းစေချင်တဲ့ ပြည်သူရဲ့မျက်နှာကို ထောက်ထားပြီး ပြည်သူ့အားကိုအရယူ ရန်သူကို အမြစ်ပြတ်ချေမှုန်းပေးဖို့ မျှော်လင့်ပါတယ်။

ပြည်သူဘက်ကလည်း ဒီလိုပြည်သူ့တပ်မတော်မျိုး၊ ပြည်ထောင်စုတပ်မတော်မျိုးကိုသာ ရဲရဲယုံကြည်ပေးပါလို့ ဆိုပါရစေ။ ငြိမ်းချမ်းတဲ့ မြန်မာပြည်၊ တိုးတက်တဲ့မြန်မာပြည် ဒီလိုမိစ္ဆာသစ္စာဖောက်တွေကင်းစင်မှ ဖြစ်လာနိုင်မယ်ဆိုတဲ့ ခံစားချက်၊ အထူးသဖြင့် စစ်ဒဏ်သင့်ဒေသက ပြည်သူတွေက ပိုသိလာပါတယ်။ မြန်မာပြည်မှာ ဒီလိုအရေးတွေကြောင့် ပြည်ထောင်စုမပြိုကွဲရေး စတဲ့ ဒို့အရေးသုံးပါး ဘယ်လောက်အရေးကြီးကြောင်းကို ကာကွယ်ရေး၊ လုံခြုံရေးအမြင်ရှိတဲ့ပြည်သူတွေက ပိုနားလည်လာခြင်းဖြစ်တယ်။

*စာမျက်နှာ ၁၈ သို့*

**❂ တပ်မတော်နဲ့ပြည်သူ ခိုင်ခိုင်မြဲမြဲလက်တွဲနိုင်ခဲ့သမျှ ဘယ်တိုက်ပွဲမှာမှ အရှုံးမရှိ အောင်ပွဲအလီလီရခဲ့တာ ပြန်လည်သတိရအောက်မေ့ကြည့်လိုက်ပါ။ ပြည်သူဆိုတဲ့နေရာမှာ တိုင်းရင်းသားတွေပါတယ်၊ ကျောင်းသားတွေပါတယ်၊ လူငယ်တွေပါတယ် အားလုံးဟာ ခေတ်အဆက်ဆက် ပါခဲ့ကြသည်ချည်းပါ။ ဒီဘက်ခေတ်မှာတော့ တပ်မတော်နဲ့ပြည်သူ၊ တပ်မတော်နဲ့ ကျောင်းသား၊ တပ်မတော်နဲ့သံဃာကို ကွဲသွားအောင်ကို ခွဲထုတ်နေကြပါပြီ။ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုပါ ရောထွေးယှက်တင် ဖျက်ဆီးလာကြပြီ။ ဗမာလူငယ်တွေကိုအသုံးချပြီး မြန်မာ - မြန်မာချင်း၊ အိမ်ကြက်ချင်း အိုးမဲသုတ်ခိုင်း။ နောက်ဆုံးမှာ မြန်မာလူမျိုး ဗမာဆိုတဲ့အရင်းအမြစ်တွေ အားနည်းအောင် လုပ်လာတဲ့ သဘောပဲ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲအောင် လုပ်ရာမှာ ဆိုးညစ်လှတဲ့ နိုင်ငံရေးသမားတွေလည်းပါသလို နယ်ချဲ့အလိုတော်ရိ သစ္စာဖောက်လောက်ကောင် လက်နက်ကိုင်တွေလည်းပါနေတယ်။ ဒါကြောင့် တို့တိုင်းရင်းသားအားလုံး စုစည်းကြဖို့၊ ညီညွတ်ကြဖို့၊ လက်တွဲမဖြုတ်ကြဖို့ အရေးကြီး**

# ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှသည် စိုက်ပျိုးမွေးမြူရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ဖွံ့ဖြိုးတိုးတက်မှု လင်းရောင်ခြည်များ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့သည် အမြန်လမ်း ၁၁၅ မိုင်အနီးတွင်တည်ရှိပြီး မိုးရာသီတွင် မိုးကောင်းသောဒေသဖြစ်၍ မိုးစပါးအောင်မြင်ဖြစ်ထွန်းရာဒေသတစ်ခုဖြစ်သည်။ အလယ်ရိုးမမှ စီးဆင်းလာသောရေကို ဖြူးမြို့၏အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်တွင် ဖြူးချောင်းရေလှောင်တမံဖြင့် ထိန်းသိမ်းထားရှိပြီး နွေရာသီတွင် နွေစပါးများအတွက် ဆည်ရေများပို့လွှတ်ပေးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်၍ နိုင်ငံတော်ဓာတ်အားလိုင်းအတွင်း ပို့လွှတ်ကာ ပြည်သူတို့လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးရာ ဆည်တမံတစ်ခုလည်းဖြစ်သည်။

မြင့်မြတ်သစ္စာ

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး အများစု၏ စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှ ရရှိလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်မှုစနစ် ထွန်းကားစေခြင်းဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝပြီး ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးနှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ တောင်သူတို့၏ လူမှုစီးပွားဘဝတိုးတက်ရေး၊ အရည်အသွေးမြင့် လယ်ယာနှင့် သားငါးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်သူအားလုံး စားရေရိက္ခာနှင့် အာဟာရဖူလုံမှုရရှိစေရေး၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သည့် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



ဖြူးချောင်းရေလှောင်တမံဘက်စုံသုံးစီမံကိန်းကို အပေါ်စီးမှ တွေ့ရစဉ်။

### တောင်သူတို့အတွက် အိုအေစစ်

ထိုသို့ကြိုးပမ်းရာတွင် တောင်သူတို့ ရာသီမပြတ် သီးထပ်စိုက်ပျိုးထုတ်လုပ်နိုင်မှုအပေါ်မူတည်လျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေလိုအပ်ချက်ရှိသည့် နွေရာသီတွင် ဆည်တမံများ၏ အခန်းကဏ္ဍသည် အထူးအရေးပါလာသည်။ နိုင်ငံတစ်ဝန်း၌ တောင်သူတို့ အားပြုစိုက်ပျိုးလေ့ရှိသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန် ရေလှောင်တမံများသည် တောင်သူတို့အတွက် အိုအေစစ်သဖွယ် အရေးပါလာခြင်းဖြစ်သည်။

ဖြူးမြို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရာသီအလိုက်သီးနှံများ လှိုင်လှိုင်ထွက်ရှိခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးမှ စီးပွားရေးပွင့်လန်းနေသော မြို့လေးဖြစ်သည်။ ယခင်က မိုးစပါးနှင့် ဆောင်းသီးနှံကိုသာ အမှီပြုခဲ့ရာမှ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အကျိုးကျေးဇူးဖြင့် ရာသီမရွေး စိုက်ပျိုးရေးရရှိမှုကြောင့် ယခင်ကထက် စိုက်ပျိုးမွေးမြူရေးကို ပိုမိုအာရုံပြုလာကြခြင်းဖြစ်သည်။ ယခုလို မိုးရာသီတွင် စပါးခင်းများ စိမ်းလန်းစိုပြည်လျက်ရှိပြီး ကြက်၊ ဝက်၊ ဘဲနှင့်ငါးမွေးမြူရေးလုပ်ငန်းများ ဟန်ချက်ညီမှုဖြင့် တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံစေသည့်အပြင် ဆန်စပါးကို ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်လျက်ရှိသည်။

ထိုသို့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ အောင်မြင်လာခြင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်မှုများ အဓိကပါဝင်သည်။ အမြန်လမ်းမကြီး မိုင်တိုင် (၁၁၄) ၏ အနောက်ဘက်ငါးမိုင်ခန့်အကွာတွင် တည်ရှိသည့် ဖြူးချောင်းရေလှောင်တမံသည် ဖြူးမြို့နယ်၏ စိုက်ပျိုးမွေးမြူရေးကို အကျိုးပြုလျက်ရှိသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းဖြင့် ဘက်စုံစီမံကိန်း၏ အသီးအပွင့်ကို ဒေသခံပြည်သူများ ခံစားရရှိနေကြသည်။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် လိုအပ်နေသည့် ဒေါက်တိုင်တစ်ခုကို တာဝန်ကျေကျေ ဟန်ချက်ညီစွာဖြင့် လက်တွဲစိုက်ထူခဲ့ကြသည့် အကျိုးရလဒ်တစ်ခုပင်ဖြစ်သည်။

### နှစ်စဉ်ပျမ်းမျှ ဧကပေ ၆၆၈၀၀၀ ရေစီးဝင်

ဖြူးချောင်းရေလှောင်တမံသည် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး ရေလှောင်တမံ၏အလျားမှာ ပေ ၁၀၂၀ ရှိကာ ရေလှောင်တမံအမြင့်သည် ၂၄၅ ပေမြင့်သည်။ ဖြူးမြို့နယ်သည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၁၀၀ လက်မ ရရှိလေ့ရှိရာ တမံအတွင်း၌ နှစ်စဉ်ပျမ်းမျှ ဧကပေ ၆၆၈၀၀၀ ရေစီးဝင်လျက်ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏဖြစ်သော ဧကပေ ၆၃၂၅၃၀ သိုလှောင်ထားနိုင်ကာ ရေဆင်းဧရိယာသည် ၄၂၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ ရေပိုလွှဲသည် သံကူကွန်ကရစ် (Ogee Crest)အမျိုးအစားဖြစ်ပြီး ရေပိုလွှဲ အကျယ် ပေ ၁၀၀ မှ ရေထုစီးနှုန်း ၂၃၀၅၀ ကုဗပေ/စက္ကန့်ဖြင့် တမံရေပြည့်ချိန်တွင် ထပ်မံဝင်ရောက်လာနိုင်သည့်ရေများကို ထုတ်နုတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ရေယူအဆောက်အအုံသည် သံကူကွန်ကရစ်ဖြစ်ပြီး အလျား ပေ ၇၀၊ အနံ ၄၈ ပေနှင့် အမြင့် ၄၈ ပေရှိ၍ ရေထိန်းတံခါးပြွန်သည် အချင်း ၂၇ ပေ၊ အမြင့် ပေ ၁၃၀ နှင့် ရေသွယ်ဥမင်လိုဏ်ခေါင်းသည် အချင်း ၁၈ ပေနှင့် အလျား ပေ ၂၀၀၀ ရှည်လျားသည်။ အချင်း ၅ ဒသမ ၆ မှ ၁၈ ဒသမ ၄ ပေရှိသော ဖိအားမြင့် သံမဏိပိုက်လိုင်းတပ်ဆင်ထားပြီး ပိုက်လိုင်းအရှည်သည် ၅၆၇ ပေ ရှိသည်။

### ဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်

ဓာတ်အားပေးစက်ရုံသည် အလျား ပေ ၁၃၀၊ အနံ ပေ ၁၁၀ နှင့် အမြင့် ပေ ၁၁၀ ရှိပြီး တာဘိုင်သည် Francis – Vertical Shaft အမျိုးအစားဖြစ်ပြီး တာဘိုင်မှ ၂၀၃၁ ဒသမ ၆၅ ကုဗပေ(တစ်စက္ကန့်) ရေစီးနှုန်းကို ပေးစွမ်းလျက်ရှိသည်။ တပ်ဆင်ထားသော စက်စွမ်းအားသည် ၂၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် ၄၀ မဂ္ဂါဝပ်ဖြစ်ပြီး ရေအားလျှပ်စစ်ဖြင့် နှစ်စဉ်ပျမ်းမျှ ဓာတ်အား ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်ပေးလျက်ရှိကာ ၂၃၀ ကေဗွီတောင်ငူလိုင်းမှ နိုင်ငံတော်ဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀–၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တမံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၂–၂၀၁၃ ခုနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်ခဲ့ကာ ရေလွှဲဥမင်ကို အပြီးသတ်ပိတ်၍ ရေစတင်သိုလှောင်နိုင်ခဲ့သည်။ ထိုနှစ်တွင် ဖြူးချောင်းရေလှောင်တမံစီမံကိန်း၏ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းသည်လည်း ရာနှုန်းပြည့်ပြီးစီးခဲ့သည်။

ဆည်ရေသောက်စနစ်အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းကို ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသည့်အတွက် ဩဂုတ် ၂၉ ရက်တွင် လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ်ကို စတင်ပို့လွှတ်နိုင်ခဲ့သည်။ ဖြူးချောင်းရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသော ရေကို

*စာမျက်နှာ ၁၈ သို့*



ဖြူးချောင်းရေလှောင်တမံမှဆည်ရေဖြင့် စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများ။



စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် အကျိုးပြုနေသည့် ဖြူးချောင်းရေလှောင်တမံကို တွေ့ရစဉ်။

*စာမျက်နှာ ၁၆ မှ*

ဗီဒီယိုအတိုတစ်ခုမှာ လောက်ကောင်မိစ္ဆာ အဖျက်သမားတွေ ရပ်ကွက်ထဲဝင်လာတော့ အိုးစည်ဗုံမောင်းတီး ဝမ်းသာအားရကြိုဆိုနေတဲ့မြင်ကွင်းတစ်ခုတွေ့လိုက်ရတယ်။ ဘယ်လိုအုပ်ချုပ်တတ်လို့၊ ဘာကိုအားကိုးပြီး ဘာကိုရမှာမို့လို့လဲ၊ ဘုန်းကြီးရှုးနဲ့ လေ့လူး မစင်မှာပျော်တတ်တဲ့ လောက်သာသာရယ်တွေပါ။ တစ်ဖက်မှာတော့ ဌာနေပြည်သူတွေရဲ့ နာကျည်းတဲ့အသံတွေ၊ ပြင်းထန်တဲ့ခံစားချက်တွေနဲ့အတူ ဒီလို လူ့မိစ္ဆာတွေကို အမြစ်ဖြတ်ပေးဖို့ တောင်းဆိုသံတွေဟာ ယခုနောက်ပိုင်း ဆိုရှယ်မီဒီယာတွေမှာ သောသောညံအောင် ရင်ဖွင့်မှုတွေများလာတာလည်း အကဲခတ်မိပါရဲ့။ သူပုန်သိမ်းပြီးတဲ့ ဘယ်မြို့ဘယ်ရွာ ဘယ်သူပုန်လက်အောက်မှာမှ ပြည်သူတွေမနေလိုကြပါဘူး။ လက်တွေ့မှာ စစ်ရှောင်မှန်သမျှ တပ်မတော်ရှိတဲ့နေရာမှာပဲ ခိုလှုံကြပါတယ်။ တပ်မတော်ထက် သူပုန်ကို သူတို့ပိုပြီး ကြောက်ကြတယ်။ လုံခြုံတဲ့အရိပ်အာဝါသအောက်မှာပဲ နေချင်ကြတာ သဘာဝ၊ ကိုယ်တိုင်ထိ ကိုယ်တိုင်နာလာတဲ့ အခါမှ တပ်မတော်ကို ပိုထောက်ခံလာကြတဲ့သဘောပါပဲ။ တချို့ဆန့်ကျင်ခဲ့သူတွေကိုယ်တိုင် အဆိုးမြင်ကနေ အပြုမြင် ဘက်ပြောင်းထောက်ခံလာကြတာတွေ့ရတာလည်း အားရစရာဖြစ်မိတယ်။

လက်ရှိမှာတော့ တိုင်းပြည်မှာ ဒဏ်ရာဒဏ်ချက်တွေကများ၊ ပြည်သူလည်း အထိနာနေပါပြီ။ ဒါကြောင့် ရန်သူကို ပြိုဆင်းသွားအောင်လုပ်ပေးပါ၊ မီးစာကုန်ရေခန်း နောက်ဆုံးတောက်နေတဲ့ ပြည်တွင်းမီး အပြီးငြိမ်းသတ်ပေးပါ။ အမှန်မှာ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ဒေသများဆိုတာက ယနေ့အချိန်အခါမှာ မရှိသင့်တော့ပါလို့တောင် မြင်မိတယ်။ ဒီလိုဒေသတွေဆိုတာ အမှန်တကယ်ပြည်ထောင်စုကြီးအပေါ် ရိုးသားဖြောင့်မတ်သစ္စာရှိတဲ့ တိုင်းရင်းသားတွေနဲ့သာ ထိုက်တန်ပါတယ်။ ဒါကြောင့် အခြေအနေအချိန်အခါနဲ့အညီ တပ်မတော်ရဲ့ သမိုင်းတစ်ခေတ်ရေးထိုးပေးဖို့သာ တောင်းဆိုလိုခြင်းဖြစ်ပါတယ်။ သာမန်ပြည်သူတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာက လက်ရှိစစ်ဖြစ်နယ်မြေတွေကို စစ်သွေးကြွတွေရဲ့ သင်္ချိုင်းဖြစ်အောင်လုပ်ပြီး ပြည်သူအတွက် မျှော်လင့်ချက်သတင်းများစွာ ယူဆောင်လာပေးပါလို့ ဆိုချင်တယ်။

စစ်မှန်တဲ့ပြည်သူတစ်ရပ်လုံးက ငါတို့တပ်မတော်ဟာ လောက်ကောင်တွေကို ကောင်းကောင်းချေမှုန်းနိုင်မယ်၊ အောင်ပွဲအလီလီ ရယူနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပြီး ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ငါတို့နဲ့တစ်သားတည်း အမြဲရှိနေတယ်ဆိုတဲ့ ပြည်သူကို ယုံကြည်ပေးပါ၊ လိုအပ်တာ ဆောင်ရွက်ပေးပါ အပြန်အလှန်ပေါ့။ တစ်နေရာ ဒေသတစ်ခု အရေးက တစ်နိုင်ငံလုံးရဲ့အရေးလို့ ခံယူပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ရန်သူကို ဟန့်ရုံတားရုံနဲ့မပြီး ရေလိုမီးလိုကျင့်ပြီး သံသရာမရှည်အောင် အမြစ်ကစဖြတ်ပေးပါလို့သာ မေတ္တာရပ်ခံတောင်းဆိုလိုက်ပါရစေ။ ။

---

*စာမျက်နှာ ၁၇ မှ*

**✳ ဖြူးချောင်းရေလှောင်တမံစီမံကိန်းတွင် လက်ရှိလုပ်ငန်းပြီးစီးမှုအရ လယ်မြေဧက ၃၀၀၀၀ ကို ရေပေးဝေလျက်ရှိပြီး လုပ်ငန်းအားလုံးပြီးစီးသွားပါက လယ်ဧက ၉၀၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတွင် တူးမြောင်းမကြီး နှစ်ခု၊ မြောင်းခွဲတစ်ခု၊ လက်တံမြောင်း ၂၄ ခု၊ လက်တံမြောင်းခွဲ ၂၀၆ ခုဖြင့် စုစုပေါင်း ၄၇၂ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၃၅၉၅ ခုကိုလည်း တည်ဆောက်သွားမည်**

**❁ နွေရာသီတွင် ရေလိုအပ်လေ့ရှိ၍ တောင်သူတို့ လိုအပ်သော နွေစပါးအတွက် စိုက်ပျိုးရေကိုပေးဝေနိုင်ခြင်းကြောင့် ယခုအခါ နွေစပါးကို တိုးချဲ့စိုက်ပျိုးလာလျက်ရှိကြောင်း၊ နှစ်စဉ်ဇန်နဝါရီ ၁ ရက်မှ စတင်၍ နွေစပါးအတွက် စိုက်ပျိုးရေကိုပေးဝေပြီး ရေအားလျှပ်စစ်ကိုလည်း စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိ**

**❊ ဖြူးချောင်းနှင့် စစ်တောင်းမြစ်ဆုံရာလွင်ပြင်သည် ယခင်က မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လေ့ရှိရာ ဖြူးချောင်းရေလှောင်တမံတည်ဆောက်ပြီးချိန်မှစ၍ ရေစီးဆင်းမှုကို ထိန်းညှိပေးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးခဲ့**

သို့လှောင်ထိန်းညှိပေးခြင်းဖြင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသာမက လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရာ ရေလှောင်တမံတစ်ခုအဖြစ် နိုင်ငံနှင့်ပြည်သူကို အကျိုးပြုလျက်ရှိသည်။

**လယ်မြေဧက ၃၀၀၀၀ ကို ရေပေးဝေ**

ဖြူးချောင်းရေလှောင်တမံစီမံကိန်းတွင် လက်ရှိလုပ်ငန်းပြီးစီးမှုအရ လယ်မြေဧက ၃၀၀၀၀ ကို ရေပေးဝေလျက်ရှိပြီး လုပ်ငန်းအားလုံး ပြီးစီးသွားပါက လယ်ဧက ၉၀၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတွင် တူးမြောင်းမကြီး နှစ်ခု၊ မြောင်းခွဲတစ်ခု၊ လက်တံမြောင်း ၂၄ ခု၊ လက်တံမြောင်းခွဲ ၂၀၆ ခုဖြင့် စုစုပေါင်း ၄၇၂ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၃၅၉၅ ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်ရာ လုပ်ငန်းပြီးစီးပါက ရာသီမပြတ်စိုက်ပျိုးထုတ်လုပ်နိုင်သည့် အစိမ်းရောင်စီးပွားရေးမြို့တော်အဖြစ် တွေ့မြင်လာရမည်ဖြစ်သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) မှ ညွှန်ကြားရေးမှူး ဦးအောင်မြတ်မျိုးက တည်ဆောက်ပြီး ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆည်များတည်ဆောက်ပေးခြင်းဖြင့် ရေဘေးကာကွယ်ရေးအတွက်လည်း အကျိုးကျေးဇူးများသည့်အပြင် လျှပ်စစ်ဓာတ်အား ပြည့်စုံစွာရရှိခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေနိုင်ခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ပြည့်စုံစွာရရှိခြင်းတို့ကြောင့် များစွာအကျိုးရှိကြောင်း၊ အကယ်၍ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ရေကြီးမှု၊ ရေရှားပါးမှုတို့ကိုလည်း အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်သဖြင့် ဖြူးချောင်းရေလှောင်တမံသည် အကျိုးကျေးဇူးများသော ဘက်စုံရေလှောင်တမံ စီမံကိန်းတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဖြူးချောင်းရေလှောင်တမံစီမံကိန်း၏ တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးကလည်း ဖြူးချောင်းရေလှောင်တမံသည် စိုက်ပျိုးရေပေးဝေမှုအပြင် လျှပ်စစ်ဓာတ်အားတစ်နှစ်လျှင် ကီလိုဝပ်နာရီ သန်း ၁၂၀ ထုတ်လုပ်လျက်ရှိကာ တောင်ငူ ၂၃၀ ကေဗွီဓာတ်အားလိုင်းမှ နိုင်ငံတော်ဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ်ပေးလျက်ရှိကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ရာမှ ကျဆင်းလာသောရေများကို ချောင်းအောက်ဘက်တွင် ရေလွှဲဆည်ဖြင့်ခံ၍ ထိုရေလွှဲဆည်တစ်ဖက်တစ်ချက်ရှိ လက်ဝဲမြောင်းနှင့် လက်ယာမြောင်းတို့မှတစ်ဆင့် ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေဧက ၉၀၀၀၀ ခန့်ကို ရေပေးဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်ရေလွှမ်းမိုးမှုကိုလည်း ကာကွယ်ပေးလျက်ရှိကြောင်း၊ တည်ဆောက်ပြီး လက်ဝဲမြောင်းနှင့် လက်ယာမြောင်းမှ လယ်မြေဧက ၃၀၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိပြီး စီမံကိန်း၏ ဆည်ရေသောက်စနစ် သုံးပုံနှစ်ပုံကို ဆက်လက်ဆောင်ရွက်ရန် လိုသေးကြောင်း။

**လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာ**

စီမံကိန်းလျာထားချက်ဖြစ်သော လယ်ဧက ၉၀၀၀၀ ခန့်အတွက် မြောင်းခွဲနှင့်လက်တံမြောင်းများ အားလုံးတည်ဆောက်ပြီးပါက စိုက်ပျိုးရေပေးဝေနိုင်ခြင်းဖြင့် ပဲခူးတိုင်းဒေသကြီးတွင် စပါးနှင့် ပဲမျိုးစုံအောင်မြင်ဖြစ်ထွန်းရာ နေရာတစ်ခုဖြစ်လာပြီး တောင်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဖြူးမြို့နယ်သည် မိုးရာသီတွင် မိုးများသောဒေသဖြစ်သော်လည်း နွေရာသီတွင် ရေလိုအပ်လေ့ရှိ၍ တောင်သူတို့ လိုအပ်သော နွေစပါးအတွက် စိုက်ပျိုးရေကိုပေးဝေနိုင်ခြင်းကြောင့် ယခုအခါ နွေစပါးကို တိုးချဲ့စိုက်ပျိုးလာလျက်ရှိကြောင်း၊ နှစ်စဉ်ဇန်နဝါရီ ၁ ရက်မှ စတင်၍ နွေစပါးအတွက် စိုက်ပျိုးရေကိုပေးဝေပြီး ရေအားလျှပ်စစ်ကိုလည်း စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း။

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ထူးခြားချက်သည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေပေးဝေခြင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုသာမက ငါးမွေးတောင်သူများနှင့် မွေးမြူရေးတောင်သူတို့ အသုံးပြုနိုင်ရန်အတွက်လည်း ဆည်ရေပို့လွှတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဖြူးချောင်းနှင့် စစ်တောင်းမြစ်ဆုံရာ လွင်ပြင်သည် ယခင်က မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လေ့ရှိရာ ဖြူးချောင်းရေလှောင်တမံတည်ဆောက်ပြီးချိန်မှစ၍ ရေစီးဆင်းမှုကို ထိန်းညှိပေးခဲ့သည့်အတွက် ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးခဲ့ပြီး ရေဘေးအန္တရာယ်ကိုလည်း ဒေသခံများ ကျော်လွှားနိုင်ခဲ့သည့်အပြင် စိုက်ခင်းများပျက်စီးဆုံးရှုံးမှုကိုလည်း ဖြူးချောင်းရေလှောင်တမံစီမံကိန်းက ကာကွယ်ပေးနိုင်ခဲ့သည်။

**ရေအားလျှပ်စစ်စီမံကိန်း**

ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ စက်ရုံမှူး ဦးမင်းသူအောင်က စီမံကိန်းအကောင်အထည်ဖော်သည့် ရည်ရွယ်ချက်တွင် စက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားကွန်ရက်မှတစ်ဆင့် တစ်နိုင်ငံလုံး ဓာတ်အားဖြန့်ဖြူးပေးရန်လည်း ပါဝင်ကြောင်း၊ စစ်တောင်းမြစ်ဝှမ်း ရေလွှမ်းမိုးမှုဒဏ်မှ ကာကွယ်ပေးနိုင်ရန်နှင့် ဖြူးနှင့်ဇေယျာဝတီမြို့မှ တောင်သူများလိုအပ်သည့် စိုက်ပျိုးရေရရှိရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေပေးဝေမှုနှင့်အတူ နိုင်ငံတော်အတွက်လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ကြီးများကို နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်အညီ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိကာ နိုင်ငံတော်ဓာတ်အားပေးစနစ်အတွင်းသို့ ၂၀၁၄ ခုနှစ် ဩဂုတ်လမှစ၍ ပို့လွှတ်ပေးနိုင်ခဲ့ကြောင်း။

ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းတွင် စက်တပ်ဆင်အင်အား ၂၀ မဂ္ဂါဝပ် နှစ်လုံးဖြစ်သော ၄၀ မဂ္ဂါဝပ်ဖြင့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား အဆက်မပြတ်ထုတ်လုပ်နိုင်ရန် စက်များ၏ကြံ့ခိုင်ရေးကိုလည်း နေ့စဉ်၊ လစဉ်၊ နှစ်စဉ် စသည်ဖြင့် ကာလအပိုင်းအခြားအလိုက် စစ်ဆေးခြင်း၊ ပြစ်ချက်တွေ့ရှိပါက အမြန်ဆုံးပြုပြင်ခြင်းနှင့် နှစ်အလိုက်စီမံချက်များ ရေးဆွဲ၍ပြုပြင်ခြင်း စသည် စီမံချက်များထားရှိကာ အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ကြီးများ၏ အစိတ်အပိုင်းစနစ်များကို အဆင့်မြှင့်တင်ခြင်း စီမံကိန်းလည်းရှိကြောင်း၊ ဖြူးဒေသသည် မိုးရာသီတွင် မိုးများသည့်အတွက် လျှပ်စစ်ဓာတ်အားကို တမံအတွင်း ရေဝင်ရောက်မှုအပေါ် မူတည်၍ ပိုမိုထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေမည်**

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တောင်သူတို့လိုအပ်သည့် စိုက်ပျိုးရေချိန်ခါမရွေးရရှိနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတောင်သူများ သီးထပ်/သီးညှပ် စိုက်ပျိုးထုတ်လုပ်နိုင်မှုဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေမည့်အပြင် ရေသောက်စနစ်တွင် ကုန်ထုတ်လမ်းများနှင့် တံတားများပါဝင်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာကာ ဒေသထွက်ကုန်များ မြန်ဆန်စွာပို့ဆောင်နိုင်ပြီး စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာစေမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရွှေရောင်လွှမ်းသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် တောင်သူတို့အတွက် အသက်သွေးကြောပမာ အရေးပါလျက်ရှိသည်။ တောင်သူများလိုအပ်သော စိုက်ပျိုးရေရရှိရေးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အစဉ်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည်လည်း ထိုဒေသ၏ စိုက်ပျိုးရေရရှိရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အကျိုးပြုခြင်းဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၏ လင်းရောင်ခြည်များ ယှက်သန်းလျက်ရှိနေပေသည်။ ။

## လေးရက်အတွင်း လူဦးရေ ၂၀၀ ဝန်းကျင်ကို မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်ပေးမည်ဟု စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြေညာ

ရန်ကုန် ဩဂုတ် ၃

လေးရက်အတွင်း လူဦးရေ ၂၀၀ ဝန်းကျင်ခန့်ကို မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

မြန်မာသံရုံး စင်ကာပူမြို့၌ Online Appointment ရယူရန် အခက်အခဲရှိသည့် နိုင်ငံကူးလက်မှတ်သက်တမ်းတိုး(သို့မဟုတ်)နေထိုင်ခွင့်သက်တမ်း ၁၄ လ အောက် ကျန်ရှိသူများအနက် ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်မှ ၈ ရက်အတွင်း လာရောက်၍ သက်တမ်းတိုးရရှိသည့်စာရင်းကို သံရုံးမှ ကြေညာထားခြင်းဖြစ်သည်။

သံရုံး၏ Whatsapp သို့ စာရင်းပေးပို့သူများအနက်မှ ဩဂုတ် ၅ ရက်မှ ၈ ရက်အထိ တစ်ရက်လျှင် လူဦးရေ ၄၈ ဦးကို မြန်မာနိုင်ငံကူးလက်မှတ်သက်တမ်းတိုးဆောင်ရွက်မည်ဖြစ်ပြီး သက်တမ်းတိုးခွင့်ရရှိသူများ၏စာရင်းကိုလည်း သံရုံးမှအသိပေးထုတ်ပြန်ထားသည်။

မြန်မာသံရုံး၏ Whatsapp သို့ စာရင်းပေးပို့ရာတွင် စာရွက်စာတမ်းအတု၊ အခကြေးငွေရယူသူများမှတစ်ဆင့် ပေးပို့လာခြင်းများအပေါ် သက်တမ်းတိုးဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း၊ မြန်မာသံရုံးဘက်မှ မည်သည့်ပုဂ္ဂလိကဝန်ဆောင်မှုကုမ္ပဏီ၊ အေးဂျင့်များကိုမျှ ဝန်ဆောင်မှုရယူရန်နှင့် တန်းစီဇယားလုပ်ဆောင်ခွင့် ပေးအပ်ထားခြင်းမရှိပါကြောင်း အသိပေးထားသည်။

မြန်မာသံရုံး၏ WhatsApp သို့ ပေးပို့ရာ၌ နေ့ရက်တစ်ခုအတွင်း နှစ်ကြိမ်ခန့်ပေးပို့နိုင်ပြီး နောက်ရက်များတွင် ထပ်မံပေးပို့ခြင်းမပြုကြရန်၊ ထပ်မံပေးပို့ပါက ၎င်းပေးပို့သည့်အကြိမ်တိုင်းတွင် တန်းစီဇယားအနောက်သို့ရောက်ရှိနိုင်သဖြင့် မလိုလားအပ်ဘဲ ကြာမြင့်မည်ဖြစ်ပါကြောင်းနှင့် ပေးပို့ပြီး တစ်ပတ်အတွင်း သံရုံး website ၌ ထုတ်ပြန်ကြေညာသည့်စာရင်းကို အမည်စာရင်းပါဝင်မှု ရှိ/မရှိ စောင့်ကြည့်ပေးပါရန် သံရုံးက အသိပေးထားသည်။ **MT**

## တနင်္သာရီမြစ်ရေကြီးမှု နှစ် ၃၀ အတွင်း ဒုတိယအဆိုးရွားဆုံးဖြစ်ပြီး မြစ်ရေပြန်ကျဆင်း မြိတ်-တနင်္သာရီ-မော်တောင်-ကော့သောင်း ကားလမ်းတစ်လျှောက် ဖြတ်သန်းသွားလာ၍ရနေပြီဖြစ်

တနင်္သာရီ ဩဂုတ် ၃

တနင်္သာရီမြို့နယ်ရှိ တနင်္သာရီမြစ်သည် ထားဝယ်ခရိုင် – မေတ္တာမြို့အနီး၌ မြစ်ဖျားခံ၍ တနင်္သာရီမြစ်(ဒေသခေါ် ချောင်းကြီးမြစ်)အဖြစ် စီးဆင်းလာခြင်းဖြစ်ပြီး ယင်းချောင်းကြီးမြစ်အတွင်းသို့ ငဝန်ချောင်းဖျား(ဒေသခေါ် ချောင်းငယ်မြစ်)မှ မြစ်ရေများပေါင်းဆုံ၍ မြိတ်မြို့နယ်အဝင် ပင်လယ်အတွင်းသို့ ဆက်လက်စီးဝင်သည့် မြစ်တစ်မြစ်ဖြစ်သည်။

အဆိုပါ တနင်္သာရီမြို့နယ်၏ စိုးရိမ်ရေအမှတ်မှာ သာမန်မြစ်ရေအထက် ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေအမှတ်မှာ ၂၄ ပေ ဖြစ်သည်။

ဇူလိုင် ၃၁ ရက် နံနက် ၆ နာရီတွင် တနင်္သာရီမြစ်ရေသည် အန္တရာယ်ရေအမှတ်ထက် ခုနစ်ပေကျော်လွန်၍ ၃၁ ပေအထိ ကြီးမြင့်ခဲ့သောကြောင့် ၁၉၉၄ ခုနှစ်နောက်ပိုင်း နှစ် ၃၀ အတွင်း ဒုတိယအကြိမ် မြစ်ရေအကြီးဆုံးနှစ်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီး ယခုအခါ မြစ်ရေများ တဖြည်းဖြည်းပြန်လည်ကျဆင်းလျက်ရှိသည်။

တနင်္သာရီမြစ်ရေသည် ယခုအခါ (ထုံခါးလမ်းအပိုင်း)ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လယ်တောင်ရွာကျေးရွာအနီး အလျား ပေ ၁၀၀၀ ခန့်၊ အနက် ခြောက်ပေခန့် မြစ်ရေကျန်ရှိနေပြီး မြိတ် – တနင်္သာရီလမ်းမကြီးတစ်လျှောက်နှင့် တနင်္သာရီ – ညောင်ပင်ကွင်း – သဘော့လိပ်–သဲဖြူရွာ – မော်တောင်မြို့များသို့သွားသည့်လမ်းမပေါ်တွင် မြစ်ရေများလုံးဝမကျန်ရှိတော့သဖြင့် ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍ ရနေပြီဖြစ်ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း(ပြန်/ဆက်)**



## ကချင်ပြည်နယ်အတွင်း ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် စက်သုံးဆီလုံလောက်စွာတင်သွင်းနိုင်ရေးဆွေးနွေး

မြစ်ကြီးနား ဩဂုတ် ၃



ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် ကချင်ပြည်နယ်အတွက် စက်သုံးဆီတင်သွင်း ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဩဂုတ်လအတွက် အမှန်တကယ် တင်သွင်းနိုင်မည့် စက်သုံးဆီပမာဏ လျာထားချက်နှင့် ဈေးနှုန်းသတ်မှတ်နိုင်ရေး ပြည်နယ် စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် စက်သုံးဆီလုပ်ငန်းရှင်များ၊ ဆီဆိုင်ပိုင်ရှင်များနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။**(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ယနေ့တင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ပြည်နယ်အတွင်း စက်သုံးဆီ ပြတ်လပ်မှုမရှိစေရန် လအလိုက် သတ်မှတ်ချက်ပြည့်ဝစွာ တင်သွင်းရန်လိုအပ်ကြောင်း၊ ထို့အတူ တရားမဝင်တင်သွင်းမှုများကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆင့်ဆင့်စိစစ်၍ အရေးယူနိုင်ရေး ညွှန်ကြားထားပြီးဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက်ကော်မတီအတွင်းရေးမှူး ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးမင်းမင်းက စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ PO တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များနှင့် စက်သုံးဆီလုပ်ငန်းရှင်များအသင်း၊ စက်သုံးဆီလုပ်ငန်းရှင်များက ယခုနှစ် ဩဂုတ်လအတွက် လျာထားချက် ခွဲဝေသတ်မှတ်နိုင်ရေး ကုမ္ပဏီများက အမှန်တကယ် တင်သွင်းနိုင်မည့် စက်သုံးဆီပမာဏ လျာထားချက်နှင့် ဈေးနှုန်းသတ်မှတ်နိုင်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| စာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရခိုင်ယူနိုက်တက်ကို နောက်ကျဂိုးဖြင့် ရတနာပုံအသင်းအနိုင်ယူ

ရန်ကုန် ဩဂုတ် ၃

၂၀၂၄ – ၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ဒုတိယနေ့ကို ဩဂုတ် ၃ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာကာ ရတနာပုံအသင်းသည် ဦးဆောင်ဂိုးများ ဆက်တိုက်ရရှိခဲ့ပြီးစိုးမင်းဦးက ၄၃၊ ၆၀ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းလာပြီး ဂျိုးဇက်က ၇၈၊ ၈၁ မိနစ်တွင် နှစ်ဂိုးဆက်ပြန်သွင်းခဲ့သည်။ ယင်းနောက်လက်ကျန်မိနစ်များတွင် အကြိတ်အနယ်ရှိလာပြီး ၉၀+၃ မိနစ်တွင် အောင်ကျော်သူက ရတနာပုံအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲစဉ်(၃) တတိယနေ့အဖြစ် ဩဂုတ် ၄ ရက်**(ယနေ့)**တွင် တောင်ကြီးကွင်း၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ – ၈ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၂၀ ကျပ် | ၃၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၃၈၀ | ၃၃၈၂၀၀၀ |
| MTSH | ၃၅၅၀ | ၃၆၀၀ | ၁၂၉၀၉ | ၄၆၄၁၂၄၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁၅၀ | ၁၂၄၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၅၈၄ | ၁၀၂၂၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၀ | ၂၇၅၀၀၀ |
| EFR | ၁၈၀၀ | ၁၈၀၀ | ၅၉၈ | ၁၀၇၆၄၀၀ |
| AMATA | ၄၆၀၀ | ၄၇၀၀ | ၈၃၄ | ၃၈၃၉၇၀၀ |
| MAEX | ၃၅၀၀ | ၃၅၀၀ | ၁၀ | ၃၅၀၀၀ |

# ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရ ဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရ ဘိဝံသ သက်တော် (၈၅) နှစ်၊ သိက္ခာ (၆၅)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၃)ရက်၊ ဩဂုတ် ၂ ရက် သောကြာနေ့၊ ည ၉ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# မအိုင်(၂)ဒီရေတောကြိုးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၉၅ ဧကရှိသော နယ်မြေကို **"မအိုင်(၂)ဒီရေတောကြိုးပြင် ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၆၆/၂၀၂၄)အရ ၁၃၈၆ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၄)ရက်(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ် / လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ကဏန်း၊ ပုစွန်စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေများ ဝင်ရောက်မှု တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မအိုင်(၂)ဒီရေတောကြိုးပြင် ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောသစ်မျိုးများဖြစ်သည့် ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ကနစို၊ ပင်လယ်အုန်း၊ လမု၊ သမဲ့ဖြူ၊ သမဲ့ကြက်တက်၊ ကျနဲ၊ မဓမ၊ သရော၊ ကန့်ပလာစသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဖျိုင်း၊ ဖျိုင်းအောက်၊ ကြက်တူရွေး၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ခရုစုပ်ငှက်၊ နှုတ်သီးဝိုင်းရေညှောင့်ငှက်၊ တောဘဲ၊ ငှက်စလို (တင်ကျီးငှက်) စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါး၊ ကဏန်း၊ ခရု၊ ပုစွန်များ ရှင်သန်ပေါက်ဖွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ ပြုနိုင်ခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ဥတ္တရသီရိမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလက်တွေ့သရုပ်ပြ

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းနှင့် Evaporation drill (အရေးပေါ် အခြေအနေတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း) အခမ်းအနားကို ယမန်နေ့က Nay Pyi Taw International Science Academy (Main Campus)၌ ကျင်းပသည်။



အခမ်းအနားတွင် ဥတ္တရသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးသက်နောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကျောင်းသားကျောင်းသူများ ကိုယ်တိုင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မီးသတ်ဆေးဘူး အသုံးပြုပုံနည်းလမ်းများကို အသိပညာပေး ဟောပြောပြီး လက်တွေ့ သရုပ်ပြသခြင်းနှင့် လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

○ *ကျောဖုံးမှ*

အသည်းအစားထိုးခွဲစိတ်ကုသမှုအား လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၄ ခုနှစ် ဩဂုတ် ၃ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၊ အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။


အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ ဦးတင်ယုနှင့် တူမဖြစ်သူ အသည်းအလှူရှင် မသီရိဝင်းကို တို့ကိုခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ် ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တသံဝရဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် သောင်ကြီးကျေးရွာ ခမည်းတော် ဦးမောင်စိန် + မယ်တော် ဒေါ်ပုတို့မှ ၁၃၀၁ ခုနှစ် တပို့တွဲလဆန်း (၉)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၅ ရက်နေ့တွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ဒေါ်ပု၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၁ ခုနှစ် တပေါင်းလဆန်း ၉ ရက်နေ့တွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်နေ ဦးကျော်သောင်း + ဒေါ်စောခင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စာဘိဝံသ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသနှင့် နာယကစာချဆရာတော်များ၊ တောင်ပြင်၊ ရွှေရေးဆောင်တိုက်ဆရာတော်နှင့် စာချဆရာတော်များ၊ တောင်ထီးလင်းတိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်)တိုက် ဆရာတော်နှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဇေယျမင်္ဂလာကျောင်းတိုက် ဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇသိရီပဝရဓမ္မာစရိယ" "အဘိဓမ္မပါဠိပါရဂူ" ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ငါးသိုင်းချောင်းမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌စာသင်သားရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နာယကဆရာတော်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးဝိနည်းဓိုရ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ သာသနဟိတာဓရဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၈ ခုနှစ်တွင် **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၂၀ ပြည့်နှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်၊ ၂၀၂၃ ခုနှစ်တွင် **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၅)နှစ်၊ သိက္ခာ(၆၅)ဝါအရ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁၃)ရက်၊ (၂-၈-၂၀၂၄)ရက်၊ သောကြာနေ့ ည ၉ နာရီ မိနစ် ၂၀တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

# တိုကျိုမြို့ အိမ်ခြံမြေဈေးကွက် တစ်ဟုန်ထိုး မြင့်မားလာမှုနှင့်အတူ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာ

**နှင်းမိုးအိမ်**

စိုးရိမ်ပူပန်စရာမလိုဘဲ နောက်ထပ်ကလေးတစ်ယောက်လောက် ယူချင်ပါတယ်လို့ တိုကျိုမြို့မှာ နေထိုင်တဲ့ လူငယ်မိခင်တစ်ဦးက ပြောပါတယ်။ သူကတော့ တိုကျိုမြို့မှာ အိမ်ငှားဖို့ပဲဖြစ်ဖြစ်၊ အိမ်ဝယ်ဖို့ပဲဖြစ်ဖြစ် အခက်ကြုံနေရတဲ့ မိဘတွေထဲက တစ်ဦးပါ။

**ကလေးမွေးဖွားမှုနှုန်းကျဆင်း**

ဂျပန်နိုင်ငံရဲ့ ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာတာဟာဆိုရင် ရှစ်နှစ်ဆက်တိုက်ရှိပါပြီ။ အခုဆိုရင် အိမ်ခြံမြေဈေးတွေ ကြီးမြင့်နေတာဟာ ကလေးမွေးဖွားမှုနှုန်း ကျဆင်းတဲ့ပြဿနာကို ပိုပြီးဆိုးရွားလာစေပါတယ်။ နာကာမူရာတို့ဇနီးမောင်နှံဟာ တိုကျိုမြို့ ရှင်နာဂါဝါ ရပ်ကွက်မှာ အသက် နှစ်နှစ်အရွယ်သမီးလေးတစ်ဦးနဲ့ အတူနေထိုင်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ အသက် ၃၀ ဝန်းကျင်တွေပဲ ရှိကြပါသေးတယ်။ ငယ်ရွယ်သေးတာကြောင့် နောက်ထပ်ကလေးလိုချင်ပေမယ့် မတတ်နိုင်ကြပါဘူး။

သူတို့နေထိုင်ရာ တိုက်ခန်းဟာ ၅၅ စတုန်းရန်းမီတာ ကျယ်ဝန်းပြီး အိပ်ခန်းနှစ်ခန်းသာပါရှိပါတယ်။ လစဉ်အိမ်ငှားခက အမေရိကန် ဒေါ်လာ ၁၃၀၀ ခန့်လောက် ကျသင့်ပါတယ်။ ကလေးနဲ့ကစားဖို့ဆိုရင် ဧည့်ခန်းက ဆိုဖာကို ဖယ်ပြီး ကစားရပါတယ်။ အခန်းဟာ တဖြည်းဖြည်းနဲ့ ကျဉ်းလာတယ်လို့ ခံစားရပါတယ်။သမီးလေးအတွက် နောက်ထပ်ကလေးတစ်ယောက် ထပ်ယူချင်ပေမယ့် အခန်းကကျဉ်းတာကြောင့် မဖြစ်နိုင်သေးဘူးလို့ နာကာမူရာက ပြောပါတယ်။

**ကွန်ဒိုဈေးတွေတက်လာ**

နောက်ထပ် ကလေးယူဖို့ဆိုရင် နာကာမူရာတို့မိသားစုဟာ အခန်းသုံးခန်းပါတဲ့ အိမ်ကိုပြောင်းရမှာဖြစ်ပြီး အဲဒီအိမ်အတွက် အမေရိကန်ဒေါ်လာ ၆၆၀၀၀၀ ကျသင့်မှာပဲဖြစ်ပါတယ်။ လစဉ်ပေးချေမှုဟာ အမေရိကန်ဒေါ်လာ ၂၀၀၀ ထက်ပိုမယ်လို့ ခန့်မှန်းရပါတယ်။ သူတို့စုံတွဲရဲ့ နှစ်စဉ်ဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၆၆၀၀၀ ခန့် ဖြစ်တာကြောင့် အိမ်စရိတ်ဟာ သူတို့တတ်နိုင်တဲ့ပမာဏထက်ပိုပြီးကျော်လွန်နေပါတယ်။ တိုကျိုရဲ့ ၂၃ ရပ်ကွက်မှာ ကွန်ဒိုဈေးတွေဟာ ခုနစ်နှစ်အတွင်းမှာ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားတယ်လို့ ဂျပန်အိမ်ခြံမြေကုမ္ပဏီက ပြောပါတယ်။ နိုင်ငံရပ်ခြားက လူချမ်းသာတွေဟာ တိုကျိုမြို့လယ်မှာ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ အိမ်တွေ ဝယ်ယူလာပါတယ်။ အဲဒီအတွက်ကြောင့် ကွန်ဒိုဈေးတွေတက်လာရပါတယ်။

**အိမ်ငှားဘက်ကို လှည့်လာ**

ကလေးရှိတဲ့ မိသားစုတွေဟာ အိမ်ဝယ်ဖို့ မတတ်နိုင်တော့တဲ့အခါ အိမ်ငှားဘက်ကို လှည့်လာကြပါတယ်။ လူတစ်ဦးတည်းအတွက် အိမ်ငှားနေထိုင်မှုဟာ လွန်ခဲ့တဲ့ ခုနစ်နှစ်အတွင်းမှာ မပြောင်းလဲပေမယ့် မိသားစုအိမ်ငှားဈေးကွက်ကတော့ ၃၅ ရာခိုင်နှုန်းအထိ တက်သွားပါတယ်။ လင်မယားနှစ်ယောက်စလုံးအလုပ်လုပ်ရင် အိမ်တစ်လုံးဝယ်နိုင်မယ်လို့ ထင်ခဲ့ပေမယ့် အခုအခါမှာတော့ တိုကျိုမှာနေထိုင်ဖို့က ကျွန်တော်တို့လို ကုမ္ပဏီဝန်ထမ်းမိသားစုတွေအတွက် ဇိမ်ခံပစ္စည်းတစ်ခုလို ခံစားရတယ်လို့ နာကာမူရာကပြောပါတယ်။ အချို့သော ကလေးရှိတဲ့ မိသားစုတွေဟာဆိုရင် ပိုဈေးချိုပြီး နေရာကျယ်ကျယ်ဝန်းဝန်း ရှိတဲ့ အိမ်ပြောင်းဖို့ တိုကျိုကနေထွက်လာကြပါတယ်။

**တိုကျိုမြို့ကနေ ပြောင်းရွှေ့လာကြ**

တိုကျိုမြို့ကနေ ပတ်ဝန်းကျင် ခရိုင်တွေကို ပြောင်းရွှေ့နေထိုင်မှုတွေကို လေ့လာကြည့်ရာမှာ အသက် ၃၀နဲ့ ၄၀ ကြား လူတွေနဲ့ ၁၄ နှစ်အောက်ကလေးတွေ ပြောင်းရွှေ့သွားမှုမှာ လူပေါင်း ၁၇၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဆိုင်တိုမာရီနာ ဆိုသူကတော့ အိုင်တီကုမ္ပဏီမှာ ခင်ပွန်းသည်ဖြစ်သူနဲ့အတူ အလုပ်လုပ်ကိုင်နေသူဖြစ်ပါတယ်။သူတို့စုံတွဲမှာ အသက် ငါးနှစ်နဲ့ တစ်နှစ်အရွယ် ကလေးနှစ်ယောက်ရှိပါတယ်။ သူတို့မိသားစုဟာ ဆီတာဂါယာရပ်ကွက်မှာ



နေထိုင်ပြီး တိုကျိုမြို့မှာ အိမ်ဝယ်ဖို့ စဉ်းစားခဲ့ကြပါတယ်။ ဒါပေမယ့် မတတ်နိုင် တဲ့အတွက် မြို့တောင်ပိုင်းမှာရှိတဲ့ အိပ်ခန်းနှစ်ခန်းပါတဲ့ ကွန်ဒိုအိမ်ကိုသာ ဝယ်ယူခဲ့ကြပါတယ်။

**ရှုန်းကန်နေရ**

အဲဒီအတွက် ဆိုင်တိုဟာအလုပ်သွားအလုပ်ပြန်ရုန်းကန်နေရပါပြီ။ ရုံးရောက်ဖို့အရင်က မိနစ် ၂၀ သာကြာပေမယ့် အခုဆိုရင် တစ်နာရီကြာလာပါပြီ။ အဲဒီအတွက် အလုပ်၊ အိမ်မှုကိစ္စနဲ့သားသမီးတွေကို ပျိုးထောင်ရာမှာ အချိန်တွေ သိသိသာသာ လျော့နည်းလာပါတယ်။ ဘဝဟာ သူစိတ်ကူးထားတာထက်ပိုပြီး ခက်ခဲလာတယ်လို့ပြောပါတယ်။ လူငယ်တွေအတွက် ကလေးနှစ်ယောက်ယူဖို့ ရွေးချယ်စရာနည်းလမ်းမရှိ ဖြစ်လာမှာကိုစိုးရိမ်တယ်လို့ ဆိုင်တိုက ပြောပါတယ်။

**မွေးဖွားမှုအနိမ့်ဆုံးဖြစ်လာ**

ဂျပန်နိုင်ငံရဲ့ စုစုပေါင်းကလေးမွေးဖွားမှုနှုန်းဟာ ၁၉၄၇ ခုနှစ်နောက်ပိုင်း ယခင်နှစ်က မွေးဖွားမှုနှုန်း အနိမ့်ဆုံးကို ကျဆင်းသွားပါတယ်။ အမျိုးသမီးတစ်ဦးစီမှာ ကလေးယူလိုနှုန်းဟာ ယခင်နှစ်ကနဲ့နှိုင်းယှဉ်လျှင် ၀ ဒသမ ၀၆ ပွိုင့် ကျဆင်းသွားတယ်လို့ စာရင်းအင်းတွေကဖော်ပြလျက်ရှိပါတယ်။ အဲဒီပမာဏဟာ ရှစ်နှစ်ဆက်တိုက်ကျဆင်းလာခြင်းလည်းဖြစ်ပါတယ်။

> ❖ ဂျပန်နိုင်ငံရဲ့ စုစုပေါင်း ကလေးမွေးဖွားမှုနှုန်းဟာ ၁၉၄၇ ခုနှစ်နောက်ပိုင်း ယခင်နှစ်က မွေးဖွားမှုနှုန်း အနိမ့်ဆုံးကို ကျဆင်းသွားပါတယ်။ အမျိုးသမီးတစ်ဦးစီမှာ ကလေးယူလိုနှုန်းဟာ ယခင်နှစ်ကနဲ့ နှိုင်းယှဉ်လျှင် ၀ ဒသမ ၀၆ ပွိုင့် ကျဆင်းသွားတယ်လို့ စာရင်းအင်းတွေက ဖော်ပြလျက်ရှိပါတယ်။ အဲဒီပမာဏဟာ ရှစ်နှစ်ဆက်တိုက်ကျဆင်းလာခြင်းလည်းဖြစ်

**ကလေးမွေးဖွားမှုနှုန်းကိုထိခိုက်**

ဇွန်လအတွင်းက ထုတ်ပြန်ခဲ့တဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီးရဲ့အစီရင်ခံစာအရ မြင့်မားတဲ့အိမ်ရာစရိတ်တွေဟာ ကလေးမွေးဖွားမှုနှုန်းကို ထိခိုက်စေတယ်လို့ ဖော်ပြထားပါတယ်။ ကိုနန်တက္ကသိုလ်မှ ပါမောက္ခ မေဒါမာဆာကိုက ဂျပန်နိုင်ငံရဲ့အခြေအနေဟာ ဦးနှောက်ခြောက်စေတဲ့ ပြဿနာတစ်ခုဖြစ်တယ်လို့ ပြောပါတယ်။ သင့်တင့်တဲ့ အိမ်တစ်လုံးအတွက် ချေးငွေမထုတ်နိုင်တဲ့ လူငယ်တွေကို လျစ်လျူရှုထားခြင်းဟာ ဖြစ်သင့် မသင့် မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ဒါပေမယ့် ဒီပြဿနာကို ဖြေရှင်းဖို့ရာ အခက်ကြုံပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုရင် အိမ်ခြံမြေဈေးနှုန်းကို ဈေးကွက်က အဆုံးအဖြတ်ပေးတာကြောင့်ပဲ ဖြစ်ပါတယ်။

**အခြေခံပြဿနာတစ်ခုဖြစ်**

ကလေးရှိတဲ့ မိသားစုတွေအတွက် အိမ်ငှားခထောက်ပံ့မှုနဲ့ အများပြည်သူအိမ်ရာအတွက် ဝင်ငွေအခြေအနေများ ဖြေရှင်းပေးခြင်းဟာ သက်သာရာရစေတဲ့ပုံစံမျိုးဖြစ်လာနိုင်ကြောင်း မေဒါမာဆာကိုက ပြောပါတယ်။ ကလေးမွေးဖွားမှုနှုန်းကျဆင်းခြင်းဟာ အခြေခံပြဿနာတစ်ခုဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ တိုကျိုအပြင်ဘက်မှာ လူငယ်တွေ ပိုပြီးနေချင်လာအောင် မက်လုံးတွေ ပေးရမယ်၊ အလုပ်လုပ်ချိန်နာရီတွေများလွန်းတာကိုလည်း လျှော့ချပေးရမယ်၊ ပြီးနောက် ကျေးလက်ဒေသတွေမှာ အလုပ်အကိုင်တွေ ဖန်တီးပေးရမယ်လို့ မေဒါမာဆာကိုက ပြောပါတယ်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

> ❋ ဇွန်လအတွင်းက ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကြီးရဲ့အစီရင်ခံစာအရ မြင့်မားတဲ့အိမ်ရာစရိတ်တွေဟာ ကလေးမွေးဖွားမှုနှုန်းကို ထိခိုက်စေတယ်လို့ ဖော်ပြထားပါတယ်။ ကိုနန်တက္ကသိုလ်မှ ပါမောက္ခမေဒါမာဆာကိုက ဂျပန်နိုင်ငံရဲ့အခြေအနေဟာ ဦးနှောက်ခြောက်စေတဲ့ ပြဿနာတစ်ခုဖြစ်တယ်လို့ပြောပါတယ်။ သင့်တင့်တဲ့ အိမ်တစ်လုံးအတွက် ချေးငွေမထုတ်နိုင်တဲ့လူငယ်တွေကို လျစ်လျူရှုထားခြင်းဟာ ဖြစ်သင့် မသင့် မေးခွန်းထုတ်စရာဖြစ်လာ




ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် ဓမ္မရှင်ပြင်၌ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ စုပေါင်း၍ စေတီတော်ဝတ္ထုကံမြေအတွင်းရှိ သံဃာတော် အရှင်သူမြတ်တို့အား ပိဏ္ဍပါတ်တန်းဆွမ်းလောင်းလှူ ပူဇော်ရာ ဩဂုတ် ၃ ရက်က သံဃာတော် ၅၄ ပါး တို့အား ဆွမ်း၊ သက်န်း အစရှိသော လှူဖွယ်ဝတ္ထုများ လောင်းလှူ ကြစဉ်။ အာကာလင်း

## မင်းဘူး(စကု)မြို့နယ်၌ မန်းချောင်းရေဝင်ရောက်မှုကြောင့် လူဦးရေ ၁၁၀၀ ကျော် ရေဘေးသင့်

မင်းဘူး ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း မိုးများ အဆက်မပြတ်ရွာသွန်းပြီး မန်းချောင်းရေဝင်ရောက် မှုများကြောင့် မန်းချောင်းအောက်ပိုင်းရှိ မြေနိမ့်ပိုင်း စကု မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့တွင် ဩဂုတ် ၂ ရက်က မန်းချောင်း ရေကြီးမှုဖြစ်ပွားကာ လူဦးရေပေါင်း ၁၁၀၀ ကျော် ရေဘေးသင့်ပြီး ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ ခဲ့ရကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ ထံမှ သိရသည်။

အဆိုပါရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန် ရိက္ခာဖိုးထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။ မောင်မောင်(မင်းဘူး)

## ကျိုက္ခမီဒေသထွက် ငါးဇင်ရိုင်းအသေးခြောက်များ ရောင်းအားကောင်းနေ

ရန်ကုန် ဩဂုတ် ၃

မွန်ပြည်နယ် ကျိုက္ခမီဒေသထွက် ငါးဇင်ရိုင်းအသေး ခြောက်များ လတ်တလောတွင် ရောင်းအားကောင်းလျက် ရှိပြီး ထိုင်းနိုင်ငံဘက်သို့လည်း တင်ပို့နေကြောင်း သိရသည်။

အဆိုပါ ငါးခြောက်မျိုးများကို ပြည်တွင်းကလည်း မှာယူမှုများကြောင်း သိရသည်။ “ငါးဇင်ရိုင်းအသေးစားက ထိုင်းဘက်က ဖို ပို့တာများတယ်။ ဒီငါးခြောက်က ပြည်တွင်း ဘက်ကိုလည်းပို့ရပါတယ်။ ရန်ကုန်တို့ ဘာတို့ဆိုလည်း ပို့ရတယ်။ သူက ဆားပေါ့ခြောက်ပဲ၊ ပြည်တွင်းဆို ရန်ကုန် အများဆုံးပို့ရတယ်” ဟု ကျိုက္ခမီမြို့နယ်ရှိ ငါးခြောက် ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါငါးခြောက်များကို ပြည်ပထိုင်းနိုင်ငံသို့ တင်ပို့ရာ တွင် ကော့သောင်း-ရနောင်းလမ်းကြောင်းမှတစ်ဆင့် တင်ပို့နေပြီး ရောင်းဝယ်အားကောင်းသည့် ငါးခြောက်ထဲ တွင်လည်း တစ်မျိုးအပါအဝင်ဖြစ်သည်။ “ပြည်ပဆို ကော့သောင်း-ရနောင်းပိုင်းကနေ ထိုင်းကို ပို့တယ်။ ကုန်ချိန် လေးရာ၊ ငါးရာလောက်က တစ်ပတ်လောက်ရောင်းရင် ကုန်တယ်”ဟု ၎င်းက ဆိုသည်။ **Thit Taw**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ဓာတ်ဆီဂါလန်(၉.၀၀)သိန်းအား အောက်ဖော်ပြပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်း အမျိုးအမည် | ပမာဏ (ဂါလန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|---|
| | | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| ၁ | ဓာတ်ဆီ | ၃၀၀၀၀၀ | ၂၀-၈-၂၀၂၄ | ၁၂:၀၀ | ၂၀-၈-၂၀၂၄ | ၁၄.၀၀ |
| ၂ | ဓာတ်ဆီ | ၃၀၀၀၀၀ | ၃-၉-၂၀၂၄ | ၁၂:၀၀ | ၃-၉-၂၀၂၄ | ၁၄:၀၀ |
| ၃ | ဓာတ်ဆီ | ၃၀၀,၀၀၀ | ၁၇-၉-၂၀၂၄ | ၁၂:၀၀ | ၁၇-၉-၂၀၂၄ | ၁၄:၀၀ |

၂။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန် အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မိုးမခ(၅)လမ်း၊ မြေကွက်အမှတ် (၁၀၈၈)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဒေါ်အုန်းမြင့် (ZLN-၀၁၃၇၂၄) (၁၂/လမန (နိုင်) ၁၁၈၃၃၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ် ရသေးသော မြေကွက်အမှတ် (၁၀၈၇)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးထွန်းထွန်း (ခ) ဦးထွန်းငြိမ်း (၁၂/ဥကတ (နိုင်) ၁၃၂၂၇၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/9270၊ ယာဉ် လက်ဝယ်ရှိသူ ဦးကျော်သူ ၇/တငန(နိုင်)၁၅၉၇၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်-(၄၄၇)၊ ဦးမြင့်စိုး(SCG-002470)အမည်ပေါက် ပါမစ်မူရင်း၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ပေ)အနက်မှ တရားဝင်ခွဲစိတ် ရသေးခြင်းမရှိသော (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်အမှတ်(၄၄၆) နှင့်ကပ်လျက် လမ်းမှမြေကွက်အားမျက်နှာမူပါက (ညာဘက်ခြမ်း)မြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၀)ရပ်ကွက်၊ လမ်းနာမည်မရှိသေး၊ အမှတ်(၄၄၇) ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ် အဆက်စပ်မူရင်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးကျော်ဇင်အောင် (၁၂/ဒဂတ(နိုင်)၀၆၅၈၈၈)က အဆိုပြုဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စိုးစိုးသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉/၂၀၁၉)
အမှတ်(၁၃၃၉)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၂/၂၀၂၄)
## ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
## (၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၂၀) နေရာ**အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။
(ဃ) ၁-၈-၂၀၂၄ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျက် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၁၅-၈-၂၀၂၄ ရက်(ကြာသပတေးနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ တစ်ဆင့်လျှောက်ထားနိုင်ပါသည်-**

(က) ကိုယ်ရေးမှတ်တမ်း
(ခ) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်
(င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၂၈-၈-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၉:၃၀)နာရီမှ (၁၂:၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံး အမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၆-၈-၂၀၂၄ ရက်နှင့် ၂၇-၈-၂၀၂၄ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားပါ နံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ် အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမား မှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်- ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၁၁၁၃/ခ)၊ အကျယ်ပေ(၂၀ x ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမြင့်(၁၂/တမန(နိုင်)၀၈၈၅၀၀)ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းအေး (၁၂/မဂတ(နိုင်)၀၁၈၀၁၉)မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းမြအေး(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၃၀၂၈၅)
အမှတ်(၁၁၇၇)၊အောင်ဇေယျလမ်း၊(၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၇၈၀၀၄၁၄၉၉

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အသိပညာပေး

ရန်ကုန် ဩဂုတ် ၃

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ အိမ်ခြံမြေ အခြေခံသင်တန်းအမှတ်စဉ် (၄၅/၂၀၂၄) သင်တန်းဆင်းပြီးသူများနှင့် နောက်ထပ်ဖွင့်မည့် အပတ်စဉ် (၄၆/၂၀၂၄) သင်တန်းတက်ရောက်မည့်သူများ သိသင့်သိထိုက်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၂ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးမျိုးတင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးနန်းချစ်ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဦးနိုင်နိုင်ဦးတို့က သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဆွေးနွေးပို့ချကြသည်။

ဆွေးနွေးပွဲသို့ တက်ရောက်ပြီးစီးမှု လက်မှတ်သည် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှထုတ်ပေးသည့် အိမ်ခြံမြေအကျိုးဆောင် အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် လိုအပ်သည့်အလျှောက် အသင်းမှအသင်းသူ/အသင်းသားများသို့လစဉ် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသင်တန်းသို့ မြေပြင်သင်တန်းသား ၃၂၁ ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အွန်လိုင်းဖြင့် တက်ရောက်သူ ၇၂ ဦးတို့ကို အသိပညာပေး ဆွေးနွေးပို့ချသည်။

**အာကာစိုး**

## ကျေးလက်ဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်တံတားလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

ပုတော ဩဂုတ် ၃

ပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ရွာအဝင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေးအဖွဲ့(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါတံတားဆောင်ရွက်ပြီးစီးပါက ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၂၂၆၄ အိမ်၊ လူဦးရေ ၈၈၃၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ အပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသော အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း (ကျပ်) | ခန့်ထားမည့် ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| က | စာရင်းကိုင် (၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၁) နေရာ (ကျား/မ) | စီးပွားရေးတက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိသူ |
| ခ | ကွန်ပျူတာ လုပ်ဆောင်ရေးမှူး ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၄) နေရာ (ကျား/ မ) | ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရရှိသူ (သို့မဟုတ်) နည်းပညာတက္ကသိုလ်မှ ကွန်ပျူတာ ဘာသာရပ် ဆိုင်ရာဘွဲ့ရရှိသူ |
| ဂ | စစ်ဆေးရေးမှူး(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | (၅) နေရာ (ကျား/ မ) | အင်ဂျင်နီယာဘွဲ့ရရှိသူ B.E(Mechanical, Electrical,Electronics, Mechatronics) |
| ဃ | အငယ်တန်းစာရေး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၄) နေရာ (ကျား/ မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်) တက္ကသိုလ်တက်ရောက် နေသူ |
| င | ယာဉ်မောင်း (၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၅) နေရာ (ကျား) | အခြေခံပညာအလယ် တန်း အဆင့်ဖြစ်ပြီး အနိမ့်ဆုံးယာဉ်မောင်း(ခ)လိုင်စင် ရှိရမည်။ |
| စ | လုံခြုံရေး (၅) ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | (၂) နေရာ (ကျား) | အခြေခံပညာအလယ်တန်း အဆင့် |

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊
- (ခ) ၃၁-၈-၂၀၂၄ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါကအသက် (၃၀) နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊
- (ဂ) ရွေးချယ်ရာတွင်ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဦးစား ပေးမည်၊ (ယာဉ်မောင်း(၅)နှင့် လုံခြုံရေး(၅)ရာထူးနေရာများ လျှောက်ထားသူများမပါ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (င) ရွေးချယ်ခြင်းခံရပါကဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေး ရေးဦးစီးဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်နိုင်ရ မည်။

၃။ စစ်ဆေးရေးမှူး(၂) ရာထူးအတွက်လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများကို ဦးစားပေးမည် ဖြစ်ပါသည်။

၄။ အငယ်တန်းစာရေး ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများကို ဦးစားပေးမည်ဖြစ်ပါသည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာ ပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mopf.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂-D)၊ နေပြည်တော်နှင့် သဇင်ရုံလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်) ရုံးတို့တွင် ရုံးချိန်အတွင်း အခမဲ့လာရောက်ထုတ်ယူ၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂-D)၊နေပြည်တော်သို့ ပေးပို့ရမည်-
- (က) ငွေသွင်းချလန်(မူရင်း)၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့် အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်) နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်၊
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- (င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)၊
- (စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင် ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင်အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်ဖော်ပြရန်)၊
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြား မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း။

၇။ စာမေးပွဲဝင်ကြေးကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-010970 သို့ ပေးသွင်းရပါမည်။

၈။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂ - D)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၆-၉-၂၀၂၄ ရက် (သောကြာနေ့) အရောက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၉။ ဝန်ထမ်းဖြစ်ပါက အပိုဒ် (၆)ပါ အထောက်အထားများပါရှိသော လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်၊ ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်းတို့ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၆-၉-၂၀၂၄ ရက် (သောကြာနေ့) နောက်ဆုံးထား ပေးပို့ရန်ဖြစ်ပြီး၊ ကြိုတင်လျှောက်လွှာမိတ္တူ(၁) စောင်ကို ဤဦးစီး ဌာနသို့ တိုက်ရိုက်ပေးပို့ရန်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ကတ်ပြားကို ၁၂-၉-၂၀၂၄ ရက်(ကြာသပတေးနေ့) မှ ၁၃-၉-၂၀၂၄ ရက် (သောကြာ နေ့)အထိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို ၁၄-၉-၂၀၂၄ ရက် (စနေနေ့) နှင့် ၁၅-၉-၂၀၂၄ ရက် (တနင်္ဂနွေနေ့) တို့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဖြေဆို ရမည့် ရေးဖြေစာမေးပွဲ ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ တို့ဖြစ်ပြီး ယာဉ်မောင်း (၅)ရာထူးနှင့် လုံခြုံရေး (၅) ရာထူးနေရာများအတွက် လူတွေ့အရည်အချင်း စစ်ဆေးခြင်းသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၁။ ရေးဖြေစာမေးပွဲ အောင်မြင်သူများ၏ အမည်စာရင်းနှင့်လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာ ကျွမ်းကျင်မှု စစ်ဆေးခြင်း ပြုလုပ်မည့်ရက်ကို www.mopf.gov.mm Website တွင် ထုတ်ပြန် ကြေညာသွားမည် ဖြစ်ပါသည်။

၁၂။ အသေးစိတ်သိရှိလိုပါက ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေး ဦးစီးဌာန၊ ရုံးအမှတ် (၃၂- D)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၃၂၂၊ ၀၆၇-၃၄၀၆၁၁၆၊ ၀၆၇-၃၄၀၆၀၈၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်း နိုင်ပါသည်။

## ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

၁။ နေပြည်တော်တွင် အခြေချနေထိုင်လိုသူများ၊ ခြံကျယ်ကျယ်နှင့် မိသားစုများနေထိုင်ရန်အတွက် နေရာကောင်း၊ ဒက္ခိဏသီရိမြို့နယ် (၈၀' x ၈၀') အုတ်တံတိုင်းခတ်ပြီး၊ (၂)ထပ်တိုက်(၁)လုံး၊ ရေမီးပါ၊ ဂရန်မြေ။

ကျပ်သိန်း (2600)

ဖုန်း- 09-43292929, 09-5006199, 095178979, 09-451146685, 09-251790828, 09-401535959

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ အုတ်လှငယ်လမ်း၊ မြေကွက်အမှတ် (၂၆၃)၊ အကျယ်အဝန်း (၄၅ပေ × ၆၀ပေ)ရှိ ဦးတင်ဝင်း (ISN- ၁၉၇၃၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၈၃)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးတင်ဝင်း ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသူများဖြစ်သော (၁) ဒေါ်စိုးစိုးထူး (၁၂/မဂတ (နိုင်) ၀၅၁၆၂၂)၊ (၂) ဒေါ်သိန်းသန်းဦး (၁၂/မဂတ (နိုင်) ၀၅၁၆၄၃)၊ (၃) ဒေါ်နွယ်နွယ်စိုး (၁၂/မဂတ (နိုင်) ၀၅၁၆၂၀)၊ (၄) ဦးနေရှိန်း (၁၂/မဂတ (နိုင်) ၀၅၁၆၅၃)၊ (၅) ဒေါ်အေးအေးမြတ် (၁၂/မဂတ (နိုင်) ၀၅၁၆၅၀)နှင့် ဒေါ်ကြူကြူဌေး (၁၂/မဂတ (နိုင်) ၀၅၁၆၄၆)တို့ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် င-၃၊ ဦးပိုင်အမှတ် ၇၀/၁၀၈X၁၀၉ကြား၊ ၆၂X၆၄ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေငြိမ်းချမ်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၁၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခိုင်မျိုးအေး ၉/ပဥလ(နိုင်)၁၀၃၃၂၂၏အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ၊ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံး ဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်း ကြော်ငြာစေခဲ့ရာ ယခု ဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်အထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဒေါ်ထိမ်ဆိုင်မေ အမည်ပေါက် ဂရန်အမှုတွဲအမှတ် ၁၀၇၁/၂၀၀၉-၂၀၁၀အရ ဂရန်စာချုပ်အမှတ် ၁၇၄၃/၂၀၀၄-၂၀၀၅အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် ၇၈၂၊ ဦးပိုင်အမှတ် ၁-ဃ၊ လမ်း၇၀၊ ၂၇X၂၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အေးငွေ ၁၃/လရန(နိုင်) ၀၅၃၃၁၄ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ**

## ကြော်ငြာစာ

